မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ ၂၀၀၈ခုနှစ်၊ မတ် ၉ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၆၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အမျိုးသားညီလာခံမှချမှတ်ခဲ့သည့် အခြေခံမူများ အခြေခံရေးဆွဲခဲ့ ဥပဒေကျွမ်းကျင်သူများရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း နိုင်ငံတကာအဆင့်အတန်းနှင့်ကိုက်ညီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေတွင် လွတ်လပ်မှုတစ္စာ မဲပေးနိုင်ရန် ပြဋ္ဌာန်းချက်များပါဝင် အသက် ၁၈နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရှိစေရန် မဲစာရင်းများတိတိကျကျဖြစ်စေရေးပြဋ္ဌာန်းထား လွတ်လပ်၍ မှုတပြီး နိုင်ငံတကာလုပ်ထုံးများနှင့်အညီ မဲပေးနိုင်အောင် အကောင်းဆုံးစီမံပြီးဖြစ်

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့်အဖွဲ့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များအားတွေ့ဆုံ

နေပြည်တော် မတ် ၈

ယမန်နေ့ မွန်းလွဲ ၁နာရီခွဲတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့်အဖွဲ့သည် စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာသို့ လာရောက်ပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် ကော်မရှင်အဖွဲ့ဝင်သုံးဦးအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကော်မရှင်အဖွဲ့ဝင်ဦးသောင်းညွန့်က အမျိုးသားညီလာခံကျင်းပပြီးစီးမှု၊ အမျိုးသားညီလာခံက ချမှတ်ပြီးစီးခဲ့သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲပြီးစီးခဲ့မှုနှင့် ရေးဆွဲပြီးစီးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ဖွဲ့စည်းမှုအပိုင်း

ယင်းသို့ ရှင်းလင်းပြောကြားရာတွင် အခြေခံဥပဒေမူကြမ်းရရှိရန် အချိန်များစွာယူ၍ ဆောင်ရွက်ခဲ့ရကြောင်း၊ အမျိုးသားညီလာခံ အကြိုညှိနှိုင်းအစည်းအဝေးများကို ၁၉၉၂ခုနှစ်မှ စတင်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများကိုလည်း ဖိတ်ကြားခဲ့ပြီး သဘောတူညီချက်သုံးချက် ရရှိခဲ့ကြောင်း၊ အမျိုးသားညီလာခံကျင်းပရန် အဓိကအခြေခံကျသော အခြေခံမူများကို ဆွေးနွေးရန်နှင့် အမျိုးသားညီလာခံကျင်းပရာတွင် အစုအဖွဲ့(၈)ဖွဲ့ကို ဖိတ်ကြားရန်တို့ဖြစ်ကြောင်း၊ အဖွဲ့(၈)ဖွဲ့မှ စုစုပေါင်း ကိုယ်စားလှယ် ၇၀၀ကျော် ဖိတ်ကြားခဲ့ကြောင်း၊ ၁၉၉၃ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ညီလာခံကို စတင်ကျင်းပခဲ့ကြောင်း၊ ၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ညီလာခံ (၆)ကြိမ် ကျင်းပနိုင်ခဲ့ကြောင်း၊ ယင်းညီလာခံများအတွင်း ဖွဲ့စည်းပုံအခြေခံမူကြမ်းရေးဆွဲရာ၌ အခြေခံရမည့် အခန်း၁၅ခန်းနှင့် အခြေခံမူ (၁၀၄)ချက် ပါဝင်ရေးတို့ကို ညှိနှိုင်းရရှိခဲ့ကြောင်း၊ အခန်း(၁) နိုင်ငံတော်၊ အခန်း(၂) နိုင်ငံတော်အကြီးအကဲ၊ အခန်း(၃) နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ စသည်တို့ဆိုင်ရာ အခြေခံမူများကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတော်အာဏာ(၃)ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့နှင့်ပတ်သက်၍ ဖွဲ့စည်းမှုအပိုင်းကိုလည်း ဆွေးနွေးနိုင်ခဲ့ကြောင်း NLD အနေဖြင့် အထက်ပါအပိုင်းများ ဆွေးနွေးအတည်ပြုသည်အထိ ပါဝင်ခဲ့ကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ✻

တွေ့ဆုံ

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်နှင့် ကော်မရှင်အဖွဲ့ဝင်များ စိမ်းလဲ့ကန်သာ နိုင်ငံတော် ဧည့်ဂေဟာ၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မတ် ၉ ရက်)

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များရှာဖွေ စီးပွားဖြစ် ပိုမို တိုးတက်ထုတ်လုပ်

နိုင်ငံတော်က ပြည်တွင်း၌ စွမ်းအင်ပြည့်ဝဖူလုံစေရေးနှင့် နိုင်ငံ့အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသတို့တွင် တိုးချဲ့ရှာဖွေ ထုတ်လုပ်လျက် ရှိသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၌ တွင်းဟောင်းများပြုပြင်ခြင်းနှင့် တွင်းသစ်များ ရှာဖွေတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။

ညောင်တုန်း ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ၌ တွင်းသစ်များ ရှာဖွေတူးဖော်လျက်ရှိရာ ထုတ်လုပ်မှု အလားအလာ ကောင်းမွန်နေသည်။ အဆိုပါ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ်သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၈၀ကျော် ထုတ်လုပ်လျက်ရှိသည်။

မအူပင် သဘာဝဓာတ်ငွေ့မြေရှိ မအူပင်(တောင်) အစမ်းတွင်းအမှတ်(၁)ကို စမ်းသပ်တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ ကုဗပေ ၃ဒသမ ၂သန်း နေ့စဉ်ထုတ်လုပ်နေသည်။

မြန်မာ့ကမ်းလွန်ပင်လယ်ပြင်တွင်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့များထွက်ရှိမှု အလားအလာ ကောင်းမွန်လျက်ရှိရာ မုတ္တမကမ်းလွန်လုပ်ကွက်၊ တနင်္သာရီကမ်းလွန် ရဲတံခွန်လုပ်ကွက်နှင့် ရခိုင်ကမ်းလွန် ရွှေလုပ်ကွက်တို့တွင် ပြည်ပရေနံ ရှာဖွေရေးကုမ္ပဏီများနှင့် အကျိုးတူ ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။

မုတ္တမကမ်းလွန်လုပ်ကွက် အမှန်M-9 ရှိ အစမ်းတွင်းအမှတ် ဇောတိက-၁(က)ကို စမ်းသပ်တူးဖော်ခဲ့ရာ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခု တွေ့ရှိရပြီး သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုမှာ ၂ဒသမ ၅ထရီလီယံ ကုဗပေခန့်ရှိကြောင်း သိရသည်။

အလားတူ မုတ္တမကမ်းလွန်လုပ်ကွက် အမှတ်M-10 ရှိ အစမ်းတွင်းအမှတ် ရွှေပြည်သစ်(၁)ကို စတင်တူးဖော်လျက်ရှိသည်။

သို့ဖြစ်ရာ ရေနံနှင့် သဘာဝဓာတ်ငွေ့တွေ့ရှိမှုများကို အခြေခံလျက် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ဆက်လက်ရှာဖွေ စမ်းသပ် တူးဖော်ခြင်းဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ စီးပွားဖြစ် ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြောက်ဥက္ကလာပမြို့နယ်(ဈ)ရပ်ကွက်ဇမ္ဗူအေးတိုက်သဒ္ဓမ္မဝါဒီ ဟာသ်ာတ ပရိယတ္တိစာသင်တိုက်သုံးထပ်ဆောင်ပြန်လည်ဆောက်လုပ်ရန် မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)နှင့် သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း-သမီးမပြည့်ပြည့်ဖြိုး (မုံရွာ ဆရာမိုးရှောက်တစ်လုံး ဝမ်းမှန်ဆေး) မိသားစုက ငွေကျပ်သိန်း၂၀ကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တပညာသီရိထံ ဖေဖော်ဝါရီ ၁၇ရက်က မတည် လှူဒါန်းရာ သာသနာ့နုဂ္ဂဟသဟပုညကာရီအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးသိမ်းနှင့် အတွင်းရေးမှူး ဦးခင်ဇော်တို့က လက်ခံယူစဉ်။ (၁၁၈)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ ညနေ ၄နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

တင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တက္ကသိုလ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက တက္ကသိုလ်ကြို/ပို့ ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၉-၃-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်** 'မိန်းမလှလေးရဲ့သောက'
- ၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၉။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆း၄၅ ၁၂။ လျှပ်တစ်ပြက်
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၈၀)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၀။ **FA Cup ဘောလုံးပွဲ မစ်ဒယ်ဘရော့-ကာဒစ်စီးတီး**

စဉ့်ကူးမြို့၌ ရုံးပေါင်းစုံ ကတ္တရာလမ်းဖွင့် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေတက်ရောက်ဖွင့်လှစ်ပေး

မန္တလေး မတ် ၈

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် အဖွဲ့သည် ဖေဖော်ဝါရီ၁၀ရက် နံနက်စနာရီက (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စဉ့်ကူးမြို့ အမှတ်(၂)ရပ်ကွက်တွင် ကျင်းပသည့် ရုံးပေါင်းစုံလမ်း ကတ္တရာလမ်းသစ်မုခ်ဦးသို့ ရောက်ရှိကြသည်။

အဆိုပါအခမ်းအနားသို့ပြင်ဦးလွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီး ရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ စုစုပေါင်း အင်အား ၆၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ အစီအစဉ်အရ စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်အောင်သန်းက ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးက ကတ္တရာလမ်းသစ်ဖွင့်လှစ်နိုင်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ပေးအပ်

ထို့နောက် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးက လမ်းသစ်ဖွင့်လှစ်နိုင်ခြင်း အထိမ်းအမှတ်ပစ္စည်းများအား တိုင်းမှူးနှင့် ပြင်ဦးလွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမင်းလွင်ထံသို့ ပေးအပ်သည်။

ချီးမြှင့်

ဆက်လက်၍ တိုင်းမှူးက လမ်းသစ်ဖွင့်လှစ်ရာတွင် ပါဝင် ဖျော်ဖြေကြသည့် ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်တို့က ရုံးပေါင်းစုံ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထွက်ခွာ

ဆက်လက်၍ တိုင်းမှူး(ဝဲပုံ)က ရုံးပေါင်းစုံ ကတ္တရာလမ်းသစ် မုခ်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အဆိုပါလမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လမ်းဘေးဝဲယာရှိ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပြန်လည် ထွက်ခွာသွားသည်။

ယနေ့ဖွင့်လှစ်သည့် ရုံးပေါင်းစုံ ကတ္တရာလမ်းသစ်သည် အကျယ် ၁၂ပေ၊ အရှည် ပေ၁၃၅၀ရှိပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် လုပ်ငန်းစတင်ခဲ့ကာ ကုန်ကျငွေမှာ ငွေကျပ်သိန်း ၆၀ ဖြစ်ကြောင်း သိရသည်။ စဉ့်ကူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်တွင် မြို့ပြကတ္တရာလမ်း ငါးလမ်းအရှည် ၅ဒသမ ၅၃ဖာလုံ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျောက်ချောလမ်း တစ်လမ်း၊ မြေသားလမ်း တစ်လမ်း စုစုပေါင်း အရှည်နှစ်မိုင်နှစ်ဖာလုံတို့အား ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မတ် ၁ရက်က မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာနှင့်ကျီရွာတို့အား ဆက်သွယ်ထားသည့် ကျေးလက်ဖွံ့ဖြိုးရေးလမ်းအား ကျေးရွာလူထုအပါအဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍ ပြုပြင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ယင်းနောက် အထွေထွေအတွင်းရေးမှူးသည် ကျီရွာ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာသူကျေးရွာသားများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအားတွေ့ဆုံ၍ အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ကျေးလက်လူထုသို့ စာအုပ်၊ စာစောင်များလှူဒါန်းပြီး ကျီရွာ၌ ဆောက်လုပ်နေသည့် ၈ခန်းတွဲပါ အရှည်ပေ၂၄၀၊ အကျယ်၂၄ပေရှိ အခြေခံပညာမူလတန်းလွန်ကျောင်း တည်ဆောက်မှုကို ကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် ကျီရွာအနီးရှိ ကျေးလက်ဖွံ့ဖြိုးရေး ဆည်ကန်တစ်ခုဖြစ်သော မင်းသားကြီးကန်အား ပြုပြင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

အဆိုပါ မင်းသားကြီးကန်သည် တမံအလျား ပေ၁၅၅၀၊ တမံအမြင့် ၂၅ပေရှိပြီး ရေသောက်ဧက၂၀၀၀ကျော်ရှိသည်။ ထိုမှတစ်ဆင့်အထွေထွေအတွင်းရေးမှူးသည် ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာ သန်လျင်တောရ မင်းကျောင်း ဆရာတော် ဘဒ္ဒန္တ နိပုဏအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ပြီး ရန်မျိုးအောင်စေတီတော်အား ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလွှာပေးအပ်

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများ ပူဇော်ပွဲ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ် ဂုဏ်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၁၃ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပရာ အသင်းအမှုဆောင် ဒေါ်မြဥမ္မာအောင်က ပညာရည်ချွန်ဆု ရရှိသူတစ်ဦးအား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

အမှာစကားပြောကြား

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှု တိုးတက်မြင့်မားရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များ ထုတ်လုပ်မှုတိုးတက်မြင့်မားရေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၈

သတ္တုတွင်းဝန်ကြီးဌာနနှင့် ရွှေဖက်စပ်လုပ်ငန်းရှင်များထုတ်လုပ်မှု တိုးတက်မြင့်မားရေးဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းမြင့်က သတ္တုတွင်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ ကိစ္စများနှင့် ရွှေဈေးနှုန်းထိန်းသိမ်းရေး ကော်မတီ၏ သုံးသပ်ချက်များကို လည်းကောင်း၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက ရွှေသတ္တုထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း

ဆက်လက်၍ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိသူများက ရွှေထုတ်လုပ်မှုနှင့် စီမံခန့်ခွဲရေးဆိုင်ရာများကို ရှင်းလင်း တင်ပြကြသည်။ ယင်းနောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်သင်၊ ဖက်စပ်ရွှေလုပ်ငန်းရှင်များ၏ ကိုယ်စားလှယ်များနှင့် ဖက်စပ်ရွှေလုပ်ငန်းရှင်များက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်သွယ်ရေး ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်း ဒီဂျစ်တယ်အော်တိုအိတ်ချိန်း လုပ်ငန်းများစစ်ဆေး

နေပြည်တော် မတ် ၈

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သိန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၅ရက်က ကျောက်မဲမြို့သို့ရောက်ရှိပြီး ကျောက်မဲမြို့ ဒီဂျစ်တယ်အော်တိုအိတ်ချိန်း တိုးချဲ့ တပ်ဆင်မည့် အစီအစဉ်နှင့် တပ်ဆင်ပြီးဖြစ်သည့် GSM စခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လားရှိုးမြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၌ ဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားပြီး လားရှိုးမြို့ ဒီဂျစ်တယ် အော်တိုအိတ်ချိန်းတိုးချဲ့ တပ်ဆင်မည့် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၆ရက်က ကွမ်းလုံမြို့နှင့် ဟိုပန်မြို့တို့၌ ဒေသဆက်သွယ်မှု ဖွံ့ဖြိုးရေး လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးပြီး ဖေဖော်ဝါရီ ၂၇ ရက်က လောက်ကိုင်မြို့ရှိ ဂြိုဟ်တုဆက်သွယ်ရေးစခန်း၊ အိတ်ချိန်း၊ စာတိုက်နှင့် ကြေးနန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ချင်းရွှေဟော်ရှိ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တာမိုးညဲအော်တိုအိတ်ချိန်း တပ်ဆင်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ဖေဖော်ဝါရီ ၂၈ ရက်က မုန်းကိုးမြို့ အိတ်ချိန်းကိုလည်းကောင်း ကြည့်ရှု စစ်ဆေးမှာကြားပြီး ကြူကုတ်(ပန်ဆန်း)ဒီဂျစ်တယ် အော်တိုအိတ်ချိန်း တိုးချဲ့တပ်ဆင်မည့် လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီးသည် မူဆယ်မြို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၉ ရက်က သီပေါမြို့ အော်တိုအိတ်ချိန်း၊ စာတိုက်နှင့် GSM စခန်းစက်ပစ္စည်းများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို လည်းကောင်း၊ နောင်ချိုမြို့ အော်တိုအိတ်ချိန်း အဝေးလိုင်းတပ်ဆင်ပြီးစီးမှု အခြေအနေနှင့် တယ်လီဖုန်းစမ်းသပ်ခေါ်ဆိုမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ Amateur Open ဂေါက်သီးရိုက်ပြိုင်ပွဲ ၁၈ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၀၈ခုနှစ် မြန်မာ Amateur Open တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Open Golf Championship-2008)၏ စတုတ္ထနေ့ ၁၈ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်ဂေါက်ကလပ် တည်းကုန်း၌ ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဂေါက်သီးရိုက် အားကစား ဝါသနာရှင်များ လာရောက် ကြည့်ရှုအားပေးကြသည်။

ချီးမြှင့်

စတုတ္ထနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Dagon Brewery Ltd.မှ General Salesမန်နေဂျာ ဦးသာဖြိုးက ပြိုင်ပွဲတွင် နေ့စဉ် အကောင်းဆုံးရိုက်ချက် (Daily Best) ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က (၇၀+၇၈+၇၂+၇၁) စုစုပေါင်း ၂၉၁ချက်ဖြင့် ပထမရရှိသော နေဗလဝင်းမြင့်၊ (၇၂+၆၉+၇၃+၇၈)စုစုပေါင်း ၂၉၄ချက်ဖြင့် ဒုတိယရရှိသော အောင်ဝင်း(မုံရွာ)နှင့် (၇၈+၇၁+၇၂+၇၃) စုစုပေါင်း ၂၉၄ ချက်ဖြင့် တတိယရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

တာဝန်ယူဆောင်ရွက်

ပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Dagon Brewery Ltd.၊ Han Golf Masters Pte.,Ltd.နှင့် Srixon တို့က ပါဝင်ကူညီပံ့ပိုးကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တံခွန်စိုက် ဆုဖလားချီးမြှင့်

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က ပထမရရှိသော နေဗလဝင်းမြင့်အား တံခွန်စိုက် ဆုဖလားကို ချီးမြှင့်စဉ်။ (မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်)

အမေရိကန်သံအမတ်ကြီးအား ဘီလာရုစ်နိုင်ငံက နှင်ထုတ်

မင့်စ် မတ် ၈

အမေရိကန်အစိုးရက ဘီလာရုစ်သမ္မတလူကာရှင်ကိုအား ဥရောပသမဂ္ဂ(အီးယူ)နည်းတူ ပြည်ဝင်ခွင့်ပိတ်ပင်လိုက်ပြီးနောက် ဘီလာရုစ်နိုင်ငံကလည်း အမေရိကန်သံအမတ်ကြီးကို ပြည်နှင်ဒဏ်ပေးလိုက်သည်။

တစ်ချိန်တည်းမှာပင် ဘီလာရုစ်နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံဆိုင်ရာဘီလာရုစ် သံအမတ်ကြီးကို ပြန်ခေါ်လိုက်သည်။

ယင်းကဲ့သို့ အမေရိကန်သံအမတ်ကြီးကို ဘီလာရုစ်နိုင်ငံက နှင်ထုတ်လိုက်သည့်အတွက် များစွာစိတ်ပျက်မိသည်ဟု အမေရိကန်သမ္မတ အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်သည်။

လိုလား

ဘီလာရုစ်နိုင်ငံသို့ တင်ပို့ရောင်းချသည့် ရေနံဈေးနှုန်းကို ရုရှားက အကြီးအကျယ်တိုးမြှင့်ရန် ဆုံးဖြတ်ပြီးနောက် အနောက်အုပ်စုနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်ရန် ဘီလာရုစ် သမ္မတက လိုလားသည့်လက္ခဏာ ပြနေသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံယန်တိုင်မှ အရှေ့အလယ်ပိုင်းသို့ ကုန်သွယ်မှုပြုနိုင်ရန် မတ် ၃ရက်က ဖွင့်လှစ်လိုက်သော ယန်တိုင်နိုင်ငံတကာ ကုန်သေတ္တာဆိပ်ကမ်းကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ကမ္ဘာ့အကြီးဆုံးနက္ခတ်တာရာကြည့် မှန်ပြောင်း အရီဇိုးနားပြည်နယ်၌ တည်ဆောက်ဖွင့်လှစ်

အရီဇိုးနား မတ် ၈

ကမ္ဘာ့အားအကောင်းဆုံး အဝေးကြည့်မှန်ပြောင်းကြီးကို မတ်၇ရက်က အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ ဖွင့်လှစ်လိုက်ပြီ ဖြစ်သည်။

အဆိုပါ အဝေးကြည့်မှန်ပြောင်းကြီးတွင် အချင်းဝက်ရှစ်မီတာရှိ ဧရာမမှန်ချပ်ကြီး နှစ်ချပ်ကို အသုံးပြု၍ ထုတ်လုပ်ထားခြင်း ဖြစ်သည်။

မြင်တွေ့နိုင်

ယင်းအဝေးကြည့်မှန်ပြောင်းဖြင့် အလင်းနှစ် ၁၀၂သန်း အကွာအဝေးရှိ ဂလက်ဆီကြယ်စုများ**(ယာပုံ)**ကို အသေးစိတ် မြင်တွေ့နိုင်သည်ဟု ဆိုသည်။

ကြည်လင်ပြတ်သား

အဝေးကြည့်မှန်ပြောင်းကြီးသည် အရီဇိုးနားပြည်နယ် အရှေ့တောင်ပိုင်း ဂရေဟမ်တောင်ထိပ်၌ တည်ဆောက်ထားသည်။ ၎င်းနက္ခတ်တာရာကြည့် အဝေးကြည့် မှန်ပြောင်းသည် နိုင်ငံတကာ အာကာသစခန်းရှိ ဟတ်ဘယ်မှန်ပြောင်းထက် ကြည်လင် ပြတ်သားမှု ပို၍ကောင်းသည်ဟု ဆိုသည်။

ပြောကြား

ယင်းအဝေးကြည့် နက္ခတ်တာရာမှန်ပြောင်းကို နှစ်ပေါင်း နှစ်ဆယ်ကြာ ပြုလုပ်ခဲ့ရကြောင်း၊ နက္ခတ်တာရာကြည့်သူများအတွက် ယခင်ကထက် ကြယ်တာရာများကိုပိုမိုကြည့်ရှုလေ့လာနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တည်ဆောက်ရေးစီမံကိန်း ညွှန်ကြားရေးမှူး ရစ်ချက်ဂရင်းက ပြောကြားသည်။ **(အင်တာနက်)**



သူပုန်ငါးဦး အီကွေဒေါဖမ်းဆီး ကိုလံဘီယာအား သုံးနိုင်ငံကအဆက်ဖြတ်

မနာဂွာ မတ် ၈

အီကွေဒေါနိုင်ငံက ယင်း၏ ပိုင်နက်နယ်မြေအတွင်းမှ ကိုလံဘီယာတော်လှန်ရေး လက်နက်ကိုင်အင်အားစု(ဖတ်)ဝင် ငါးဦးကို ဖမ်းဆီးလိုက်ကြောင်း မတ် ၈ရက်၌ ကြေညာသည်။

ဖတ်ထိပ်တန်းခေါင်းဆောင်တစ်ဦးအပါအဝင် အဖွဲ့ဝင်အချို့သေဆုံးရသည့် ကိုလံဘီယာတပ်ဖွဲ့ဝင်များ အီကွေဒေါနိုင်ငံအတွင်း ကျူးကျော်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံဆက်ဆံရေး ဆိုးရွားအကျပ်ရိုက်နေစဉ် ဖတ်အဖွဲ့ဝင်တို့ကို အီကွေဒေါနိုင်ငံက ဖမ်းဆီးခြင်းဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံ အီကွေဒေါနိုင်ငံများကဲ့သို့ပင် ကိုလံဘီယာနိုင်ငံနှင့်အဆက်အသွယ် ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း နီကာရာဂွာက မတ်၇ရက်၌ ကြေညာသည်။

ကိုလံဘီယာသမ္မတ အယ်ဗာရိုက နိုင်ငံရေးအကြမ်းဖက်မှုကျူးလွန်သည့်အတွက် မိမိတို့က ကိုလံဘီယာနှင့် သံတမန်အဆက်ဖြတ်ခြင်းဖြစ်ကြောင်း နီကာရာဂွာသမ္မတ ဒင်နီယယ်အိုတေဂါက မနာဂွာမြို့၌ ပြောကြားလိုက်သည်။ ထိုအချိန်တွင် ၎င်း၏ဘေး၌ အီကွေဒေါသမ္မတကော်ရီးယားရှိနေသည်။ **(အင်တာနက်)**

စာသင်ကျောင်း၌ သေနတ်သမားပစ်ခတ်မှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အစ္စရေးအပျက်မခံနိုင်

ဂျေရုဆလမ် မတ် ၈

ရဟူဒီကျမ်းစာသင်ကျောင်းအတွင်း ပါလက်စတိုင်းသေနတ်သမား၏လက်ချက်ဖြင့် လူရှစ်ဦး သေဆုံးမှုကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားသွားမည်မဟုတ်ကြောင်း အစ္စရေးအစိုးရက ကြေညာသည်။

အနောက်ဂျေရုဆလမ်ရှိ မားကက်ဟာရက်ကျမ်းစာသင်ကျောင်းအတွင်း ဝင်ပစ်သည့် သေနတ်သမားကိုလည်း ပစ်သတ်လိုက်ရသည်။ ထိုသေနတ်သမားမှာ အရှေ့ဂျေရုဆလမ်၌နေထိုင်သည့် ပါလက်စတိုင်းတစ်ဦး ဖြစ်ကြောင်း အစ္စရေး ရဲတပ်ဖွဲ့က ပြောကြားသည်။

ကြေညာ

ပါလက်စတိုင်းတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆုံးသတ်ရန် အစ္စရေးအချို့က တိုက်တွန်းသော်လည်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ဆက်လုပ်သွားမည်ဟု အစ္စရေးက ကြေညာသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် မတ်၆ရက် နံနက်ပိုင်းက မြေပြိုမှုဖြစ်ပွားခဲ့ရာ လမ်းမတစ်ခုပေါ်သို့ သစ်ပင်များလဲကျပိတ်ဆို့နေသည့် မြင်ကွင်းကို ဤသို့တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

နိုင်ငံတကာ သတင်းများ

ဗီယက်နမ်၏ ရေနံစိမ်းတင်ပို့မှု နှစ်လအတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိခဲ့

ဟန္နိုင်း မတ် ၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်ပထမ နှစ်လအတွင်း ရေနံစိမ်းတန်ချိန် ၂ဒသမ၃သန်း တင်ပို့ရောင်းချခဲ့ရာမှ အမေရိကန်ဒေါ်လာ ၁ဒသမ၇ဘီလီယံ ရရှိခဲ့ကြောင်း၊ ယင်းပမာဏမှာ ယခင်နှစ်ကထက် ၁၁ ဒသမ ၄ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးအေဂျင်စီက မတ်၅ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်အတွင်း ရေနံစိမ်းတန်ချိန်သန်းပေါင်း ၁၅သန်း တင်ပို့ရန် မျှော်လင့်ထားကြောင်း၊ အဓိကတင်ပို့သောနိုင်ငံများမှာ တရုတ်၊ စင်ကာပူ၊ ဂျပန်၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့ ဖြစ်ကြောင်း စက်မှုနှင့်ကုန်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေး သတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

ယင်းနိုင်ငံသည် ၂၀၀၇ခုနှစ်အတွင်း ရေနံစိမ်းတန်ချိန် ၁၅ဒသမ ၁သန်းတင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၈ဒသမ၅သန်းနီးပါးရရှိခဲ့ကြောင်း သတင်း ထုတ်ပြန် ကြေညာချက်တွင် ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ဘဝအမောပြေ

ကူညီချင်လို့ ပါ . . .

ပန်းချီပြခန်း၌ ခင်းကျင်းပြသထားသော ပန်းချီကားအားလုံး ရောင်းလိုက်ရသဖြင့် ပြခန်းပိုင်ရှင်က ပန်းချီဆရာအား ဝမ်းသာအားရ လာရောက်အကြောင်းကြားလေသည်။

ပြခန်းပိုင်ရှင်။ ။ ဝမ်းသာစရာပဲဗျို့၊ ပန်းချီကားတွေ ရောင်းထွက်သွားပြီ။
ပန်းချီဆရာ ။ ။ ပန်းချီကား ဘယ်နှကားလဲ။
ပြခန်းပိုင်ရှင်။ ။ အကုန်လုံးဝယ်သွားတာ။
ပန်းချီဆရာ ။ ။ ဘယ်နှဦးလောက် လာဝယ်ကြတာလဲ။
ပြခန်းပိုင်ရှင်။ ။ တစ်ဦးတည်းက သိမ်းကျုံးဝယ်သွားတာ၊ သေတော့မယ့်လူကို ကူညီချင်တဲ့အတွက်လို့ ပြောသွားတယ်။
ပန်းချီဆရာ ။ ။ ဘယ်လိုလူမျိုးပါလိမ့်။
ပြခန်းပိုင်ရှင်။ ။ ခင်ဗျားကို ကုသနေတဲ့ ဆရာဝန်လို့ ပြောတယ်။
ပန်းချီဆရာ ။ ။ "ဗျာ"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

လွန်ခဲ့သော နှစ်ပေါင်း သန်း၈၀က ကမ္ဘာကြီး မျက်မှောက်ခေတ်ထက် ပို၍ ပူနွေးခဲ့ဟုဆို

ဆစ်ဒနီ မတ် ၈

ဒိုင်နိုဆော သတ္တဝါကြီးများ သက်ရှိ ထင်ရှားရှိခဲ့သည့် ခရီတေးစီးရပ်(စ်)ကာလ လွန်ခဲ့သောနှစ်သန်းပေါင်း၈၀က ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများ**(အောက်ပုံ)**၏ ဖြစ်ပေါ်ပြောင်းလဲခဲ့ပုံများကို ဩစတြေးလျ သိပ္ပံပညာရှင်များက လေ့လာခဲ့ကြသည်။

ပင်လယ်သမုဒ္ဒရာများ ကာလကြာရှည်စွာ ရာသီဥတုပြောင်းလဲလာခြင်းအပေါ် အခြေခံလျက် ဩစတြေးလျ သိပ္ပံပညာရှင်များက တွက်ချက်လေ့လာ တင်ပြထားသည်။



ယင်းတွက်ချက် တွေ့ရှိချက်အရ ကမ္ဘာကြီးသည် လွန်ခဲ့သော နှစ်ပေါင်းသန်း ၈၀က အလွန်ပူသော ကမ္ဘာကြီးဖြစ်ခဲ့ကြောင်း၊ ရေခဲများမှာလည်း အရည်ပျော်ဝင်မှုမြန်ဆန်ကြောင်း၊ ပင်လယ်ရေမျက်နှာပြင်မှာလည်း ယနေ့ မျက်မှောက်ကာလကထက် ပေပေါင်း ၅၅၈ပေ ပို၍ မြင့်မားကြောင်း လေ့လာတွေ့ရှိခဲ့သည်ဟု ဆိုသည်။

ခရီတေးစီးရပ်(စ်) ကာလသည် ယနေ့မျက်မှောက်ကာလကထက် ပို၍ပူနွေးကြောင်း၊ ကမ္ဘာ့တိုက်ကြီးများမှာ ရေထုဖုံးလွှမ်းမှုများကြောင့် ပင်လယ်များမှာ ရေတိမ်ပိုင်း ပို၍များကြောင်း ဆစ်ဒနီတက္ကသိုလ်မှ ဒေါက်တာဒိုင်ယက်မားမူလာက ပြောကြားသည်။

ဖော်ပြပါပုံတွင် အနက်ရောင်နေရာများသည် လွန်ခဲ့သောနှစ်ပေါင်း၈၀က ရွှံ့ညွန်ထူထပ်သော မြေများဖြစ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

သမိုင်းအစဉ်အလာရှိသည့်ဘရာဇီးနိုင်ငံ

သတင်းအက်ဆေး

ဘရာဇီးနိုင်ငံသည် တောင်အမေရိကတိုက်၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိသည်။ တောင်အမေရိကတိုက်တွင် ဩဇာတိက္ကမ အကြီးဆုံးနိုင်ငံလည်းဖြစ်သည်။ စီးပွားရေး အင်အားတောင့်တင်းပြီး ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံတစ်ခုလည်း ဖြစ်သည်။

အဟန့်အတား

သို့သော် အခြားသော တောင်အမေရိကနိုင်ငံအချို့နည်းတူ ဘရာဇီးနိုင်ငံသည် စီးပွားရေးစန်းပွင့်ချိန်နှင့်ပျက်စီးအဆုံးသတ်သွားရသည့် သမိုင်းရှိခဲ့သည်။ ဘရာဇီးနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ငွေကြေးအဆမတန်ဖောင်းပွမှုနှင့် နိုင်ငံခြားကြွေးမြီများက အဟန့်အတားဖြစ်စေခဲ့သည်။

ဘရာဇီးနိုင်ငံ၌ အများအပြားတည်ရှိနေသော အမေဇုံသစ်တောများကို ထုတ်ယူသုံးစွဲခြင်းမှာ အဓိက စိုးရိမ်ပူပန်စရာတစ်ခုဖြစ်လာသည်။

သမိုင်းကိုပြန်ကြည့်မည်ဆိုလျှင် ဤဒေသအတွင်း ၁၅၀၀ပြည့်နှစ်စီက ပေါ်တူဂီပိုင်မြေရှိခဲ့ရာမှ ၁၈၂၂ခုနှစ်တွင် ပေါ်တူဂီဘုရင့်သားတော်က ပေါ်တူဂီလက်အောက်မှလွတ်လပ်ရေးကြေညာပြီး သူ့ကိုယ်သူ ဘရာဇီးဧကရာဇ် ပထမ ပီတာဘုရင်ဟု ကြေညာလိုက်သည်။ ၁၈၈၈ခုနှစ်တွင် ကျွန်စနစ် ဖျက်သိမ်းသည်။ ၁၀နှစ်အတွင်း ဥရောပတိုက်သားများ အစုအပြုံလိုက်ဝင်ရောက်အခြေချကြသည်။ ၁၈၈၉ခုနှစ်တွင် ဘုရင်စနစ်ဖျက်သိမ်းပြီး သမ္မတနိုင်ငံ ထူထောင်သည်။ အစိုးရက ကော်ဖီလုပ်ငန်းကို ထိန်းချုပ်လိုက်သည်။ ၁၉၀၂ခုနှစ်တွင် ကမ္ဘာ့ကော်ဖီ ၆၅ရာခိုင်နှုန်းကို ဘရာဇီးနိုင်ငံကထုတ်လုပ်သည်။ ၁၉၃၀ပြည့်နှစ်တွင် တော်လှန်ပုန်ကန်ပြီး ယာယီတော်လှန်ရေးအစိုးရကို ဗားဂတ်စ်က ဦးဆောင်သည်။ ၁၉၃၇ခုနှစ်တွင် ဗားဂတ်စ်သည် စစ်တပ်၏ ကျောထောက်နောက်ခံဖြင့် အာဏာရှင်ဆန်ဆန် အုပ်ချုပ်သည်။ ၁၉၄၅ခုနှစ်တွင် ဗားဂတ်စ်အား စစ်ဘက်က အာဏာသိမ်းဖြုတ်ချသည်။ ၁၉၅၁ခုနှစ်တွင် ဗားဂတ်စ် သမ္မတအဖြစ်ရွေးချယ်ခံရသည်။ သို့သော် စစ်တပ်၏အကျပ်ကိုင်မှုကြောင့် ၁၉၅၄ခုနှစ်တွင် ကိုယ့်ကိုယ်ကို သတ်သေသွားသည်။

၁၉၅၆-၆၁ ခုနှစ်တွင် ကူဘစ်ရှက်သမ္မတဖြစ်လာသည်။ စီးပွားရေးလျင်မြန်စွာတိုးတက်လာသည်။ ၁၉၆၀ ပြည့်နှစ်တွင် ကွာဒရော့သမ္မတဖြစ်လာသည်။ သို့သော် လအနည်းငယ်အကြာတွင် ရာထူးမှနုတ်ထွက်သဖြင့် လက်ဝဲဝါဒီ ဒုတိယသမ္မတ ဂူလတ်သမ္မတဖြစ်လာခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် သမ္မတဂူလတ်ကို သွေးထွက်သံယိုမရှိ အာဏာသိမ်းဖြုတ်ချသည်။

၁၉၇၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီး အာနက်စတို သမ္မတဖြစ်လာသည်။ ၁၉၈၂ ခုနှစ်တွင် ကမ္ဘာပေါ်တွင် အများဆုံးသော ကြွေးမြီတစ်ခုဖြစ်သော နိုင်ငံခြားကြွေးမြီပေးဆပ်မှုကို ဘရာဇီးနိုင်ငံက ရပ်ဆိုင်းလိုက်သည်။

ရင်ဆိုင်

၁၉၈၅ ခုနှစ်တွင် ၂၁ နှစ်အတွင်း ပထမဆုံးသော အရပ်သားတစ်ဦးကို သမ္မတအဖြစ်ရွေးချယ်လိုက်သည်။ သို့သော် အရွေးခံရသူ နေဗက်မှာ ဖျားနာပြီး ရာထူးလက်မခံမီ ကွယ်လွန်သွားသည့်အတွက် ဒုတိယသမ္မတဆာနေးက သမ္မတရာထူးဆက်ခံသည်။ စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ရသည်။

၁၉၈၉ ခုနှစ်တွင် ဖာနန်ဒိုကော်လာ သမ္မတအဖြစ် ရွေးချယ်ခံရသည်။ ၁၉၆၀ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ် သမ္မတကိုတိုက်ရိုက်မဲပေးရွေးချယ်ခြင်းဖြစ်သည်။ နိုင်ငံခြားကြွေးမြီပေးဆပ်မှုကို ရပ်ဆိုင်းလိုက်ရပြန်သည်။

၁၉၉၄ ခုနှစ်တွင် သမ္မတအဖြစ် မစ္စတာကာဒိုဆို ရွေးချယ်တင်မြှောက်ခံရပြီး ၁၉၉၈ခုနှစ်တွင်လည်း ပြန်လည်ရွေးချယ်တင်မြှောက်ခံရသည်။ ၂၀၀၂ ခုနှစ် မတ်လတွင် လယ်ယာမဲ့အလုပ်သမားများ လှုပ်ရှားမှုအဖွဲ့မှ အဖွဲ့ဝင်များက မြေယာပြုပြင်ရေး တောင်းဆိုသည်။

ကြွေးကြော်

၂၀၀၂ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံက ပဉ္စမအကြိမ်မြောက်အဖြစ် ကမ္ဘာ့ဖလား ဘောလုံးပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည်။ ၂၀၀၂ ခုနှစ် အောက်တိုဘာလ သမ္မတရွေးကောက်ပွဲတွင် လူလာဟုအသိများသည့် လက်ဝဲဝါဒီ အင်နာစီယိုလူလာဒါဆီးလ်ဗား အနိုင်ရသည်။ လူဦးရေ ၁၇၀သန်းရှိ ဤနိုင်ငံ၌ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲပစ်မည်၊ ငတ်မွတ်မှု တိုက်ဖျက် ဖယ်ရှားပစ်မည်ဟု လူလာက ကြွေးကြော်သည်။

၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ဘရာဇီးနိုင်ငံက ဂျာမနီ၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့နှင့်အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နေရာတွင် ပါဝင်ရေး အဆိုပြုသည်။

၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ဘရာဇီးနိုင်ငံက ပထမဆုံး အာကာသဒုံးပျံကို ပစ်လွှတ်ခဲ့သည်။

တန်ဖိုးထား

၂၀၀၆ခုနှစ်အောက်တိုဘာလတွင် သမ္မတလူလာမှာ သမ္မတရွေးကောက်ပွဲ၌ ပြန်လည် ရွေးချယ်ခံရသည်။ တောင်အမေရိကတွင် ဘရာဇီးနိုင်ငံသည် စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သည်။ သမ္မတလူလာ လက်ထက်တွင် စီးပွားရေး မှန်မှန်တိုးတက်လျက်ရှိသည်။သစ်တောထိန်းသိမ်းမှုများလည်း စည်းကမ်းကြပ်မတ်စွာ ပြုလုပ်သည်။ သဘာဝအရင်းအမြစ်များ ပေါကြွယ်သည့် ဘရာဇီးနိုင်ငံမှ သံသတ္တုလုပ်ငန်းကို နိုင်ငံခြားတိုင်းပြည်များက အထူးအာရုံစိုက် တန်ဖိုးထားကြသည်။

ပြည်သူ့ကျန်းမာရေးကဏ္ဍကို အလေးပေးဆောင်ရွက်သည့် အထဲတွင် အေအိုင်ဒီအက်စ်တိုက်ဖျက်ရေးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ စံပြုလောက်အောင် အထူး အောင်မြင်သည်။

တစ်ချိန်က တောင်အမေရိကတစ်တိုက်လုံးတွင် ဩဇာရှိန်ဝါထွန်းပြောင်သည့် သမိုင်းအစဉ်အလာရှိသော ဘရာဇီးနိုင်ငံသည် ဆင်းရဲ၊ချမ်းသာကွာဟမှုမရှိ တစ်ပြေးညီချမ်းသာလာမည့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာမည် ဖြစ်သည်။ ။

(ကိုးကား-အင်တာနက်)

တိုး-ရေးသားသည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- တရုတ်နိုင်ငံ ဟေဘေးပြည်နယ်မြောက်ပိုင်း အဝေးပြေးလမ်းပေါ်၌ မတ် ၇ရက်က ခရီးသည်တင်ဘတ်စ်ကားနှင့် ကုန်တင်ကားတစ်စီးတို့ တိုက်မိခဲ့ရာ ၁၀ဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။

- **နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တောင်ဘက် မိုင် ၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ မတ်၇ရက်က မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ရွာသားလေးဦး သေဆုံးခဲ့သည်။**

- တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့အရှေ့ဘက် မိုင်၁၀၀ခန့် အကွာ ကျေးရွာအနီး၌ မတ် ၇ရက်က ဆင်တစ်ကောင်နင်းသတ်မှုကြောင့် ဆင်ဦးစီးတစ်ဦး သေဆုံးခဲ့သည်။

- **ပီရူးနိုင်ငံ လီမာမြို့အရှေ့ဘက်ရှိ မီးတောင်တစ်လုံး မတ် ၇ရက်က လှုပ်ရှားလျက်ရှိပြီး ကောင်းကင်သို့ မီးခိုးနှင့်ပြာမှုန်များမှုတ်ထုတ်ရာ အနီးဝန်းကျင်ရှိ ဒေသခံများအား သတိပေးချက်များ ထုတ်ပြန်ကာ ရွှေ့ပြောင်းပေးလျက်ရှိသည်။**

- အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)မြို့တော် ဒူဘိုင်းမြို့တွင် မတ်၇ရက်က ဆောက်လုပ်စအထပ်မြင့်အဆောက်အအုံတစ်ခု၏ လုပ်ငန်းခွင်မှ အလုပ်သမားတစ်ဦး ပေ၁၀၀အမြင့်မှ ပြုတ်ကျခဲ့ရာ ဒဏ်ရာပြင်းစွာရရှိသော်လည်း အသက်မသေကြောင်းသိရသည်။

- **ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့တွင် မတ် ၇ရက်က လေပြင်းတိုက်ခတ်ပြီး မောင်းနှင်နေသော မော်တော်ကား တစ်စီးပေါ်သို့ သစ်ပင်ကြီးတစ်ပင် လဲကျခဲ့ရာ သုံးဦးပွဲချင်းပြီးသေဆုံးပြီး မော်တော်ယာဉ်လည်း ပျက်စီးခဲ့သည်။**

- ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ တောင်ဘက်၌ မတ်၇ရက်က မြစ်တစ်မြစ်အတွင်း စက်လှေတစ်စင်း နစ်မြုပ်ခဲ့ရာ ငါးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိသည်။

- **ဆားဘီးယားနိုင်ငံ အနောက်တောင်ပိုင်း၌ မတ် ၈ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ နေအိမ်အချို့ နှင်းများဖုံးလွှမ်းခဲ့ပြီး ဆက်သွယ်ရေး ပြတ်တောက်ခဲ့သည်။** (အောက်ပုံ)

ဘာဝဒေသာန အမြင်

* *The essence of knowledge is, having it, to apply it.*

ဗဟုသုတ၏ အနှစ်သာရမှာ ရယူအသုံးချခြင်းပင်ဖြစ်သည်။

ကွန်ဖြူးရှပ်စ်
တရုတ်လူမျိုး အတွေးအခေါ်ပညာရှင်

* ***From little spark may burst a mighty flame .***

အမှိုက်ကစ ပြာသာဒ်မီးလောင်။

ဒန်တီ
အီတလီလူမျိုး ကဗျာဆရာ

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

မဆင်မခြင်သောက်စားပါလျှင် . . .

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ မတ် ၇ရက်က လူငယ်တစ်ဦး မတော်တဆ ဖြစ်ရပ်ကြောင့် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အသက် ၁၉နှစ်အရွယ်ရှိ လူငယ်တစ်ဦးသည် စားသောက်ဆိုင်တစ်ဆိုင်မှ အရက်သေစာများကို မဆင်မခြင်သောက်စားကာ အိမ်အပြန်လမ်းခရီး၌ ကားလမ်းပေါ်တွင် အမူးလွန်ပြီး လဲအိပ်ခဲ့ရာမှ အရှိန်ပြင်းစွာ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးက တိုက်မိခဲ့ရာ နေရာတွင် ပွဲချင်းပြီး သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ဤဖြစ်ရပ်သည် လူငယ်များအနေဖြင့် အလွန်အကျွံ သောက်စားမူးယစ်ခြင်းသည် ဘေးဒုက္ခကြုံတွေ့ရတတ်ကြောင်း သင်ခန်းစာပေးလျက်ရှိသည်။ ။

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၈-၃-၂၀၀၈

ကမ္ဘာ့ငွေကြေးဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

ကမ္ဘာ့ငွေကြေးဈေးကွက်၌ အမေရိကန်ဒေါ်လာငွေ တန်ဖိုးကျဆင်းလျက်ရှိကြောင်း ဥရောပဘဏ် လုပ်ငန်းရှင်များက ပြောကြားသည်။

ဂျပန်ယန်းငွေနှင့် လဲလှယ်ရာတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၀၂ ဒသမ ၆၈ ယန်းရှိနေပြီး ယူရိုငွေနှင့်လဲလှယ်ရာ၌ တစ်ယူရိုလျှင် ၁ဒသမ၅၃၇၀ ဒေါ်လာရှိနေသည်။

ဗီယက်နမ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွား

ဗီယက်နမ်နိုင်ငံ မြို့တော်ဟန္နိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း ဗီယက်နမ် ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ဟန္နိုင်းမြို့ ဆိုဆွန်ခရိုင်၌ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုကြောင့် ကြက်ကောင်ရေ ၂၁၀၀၀ သုတ်သင် ရှင်းလင်းခဲ့ရသည်။

တိဗက်၌ တောမီးလောင်မှု ငြိမ်းသတ်နိုင်

တရုတ်နိုင်ငံတိဗက်ဒေသ၌လောင်ကျွမ်းလျက်ရှိသော တောမီးကိုငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

လွန်ခဲ့သည့် သုံးရက်ခန့်က လောင်ကျွမ်းခဲ့သော တောမီးကို ယခုအခါ ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ပြီး ဟက်တာပေါင်းများစွာ လောင်ကျွမ်းခံခဲ့ရသည်။

လုံခြုံရေးအတွက် အစ္စရေးတပ်လှန့်

ဂျေရုဆလမ်မြို့၌ ပစ်ခတ်မှုဖြစ်ပွားရာ ရှစ်ဦးသေဆုံးခဲ့ရပြီး နောက်အစ္စရေးတို့က လုံခြုံရေးအထူး တိုးမြှင့်တပ်လှန့်ထားလိုက်သည်။

ဂျေရုဆလမ်မြို့ လမ်းများပေါ်၌ အစ္စရေးတပ်ဖွဲ့ဝင်များအား လုံခြုံရေးအတွက် တိုးမြှင့်ချထားလိုက်ပြီး လူအဝင်အထွက်များ ကြပ်မတ်စစ်ဆေးလျက်ရှိသည်။

သီရိလင်္ကာမြောက်ပိုင်း၌ တိုက်ပွဲများဖြစ်ပွား

သီရိလင်္ကာနိုင်ငံမြောက်ပိုင်းတွင် တမီးလ်ကျားသူပုန်များနှင့် အစိုးရတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားရာ တမီးလ်ကျားသူပုန် ၃၈ဦး သေဆုံးခဲ့ကြောင်း သီရိလင်္ကာ စစ်ဘက်အရာရှိများက ပြောကြားသည်။

တိုက်ပွဲများ ဖြစ်ပွားရာဒေသမှာ မင်နာခရိုင်အတွင်း နေရာများ၌ဖြစ်ပြီး အစိုးရတပ်ဖွဲ့ဝင် ၂၀လည်း ဒဏ်ရာရရှိခဲ့သည်။

အင်တာပိုအစည်းအဝေး စတင်ကျင်းပ

အကြိမ်(၂၀)မြောက် အာရှဒေသဆိုင်ရာ အင်တာပိုအစည်းအဝေးကို ဟောင်ကောင်၌ စတင်ဖွင့်လှစ်လိုက်သည်။

နှစ်ရက်ကြာ ကျင်းပမည့် အဆိုပါညီလာခံသို့ နိုင်ငံပေါင်း ၃၂နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ဦးစားပေးဆောင်ရွက်ကြရန် ဆုံးဖြတ်ခဲ့သည်။

လက်ဘနွန် သမ္မတရွေးကောက်ပွဲ ရက်ရွှေ့ဆိုင်း

လက်ဘနွန်သမ္မတရွေးကောက်ပွဲကို ပြည်တွင်းလုံခြုံရေးအခြေအနေကြောင့် ထပ်မံရက်ရွှေ့ဆိုင်းလိုက်ကြောင်း လက်ဘနွန်အရာရှိများက ပြောကြားသည်။

ယခုရက်ရွှေ့ဆိုင်းမှုမှာ ယခင်သတ်မှတ်ထားသောရက်အစား မတ်၁၁ရက်၌ ကျင်းပရန် ပြောင်းလဲသတ်မှတ်လိုက်သည်။ ယခုပြောင်းလဲသတ်မှတ်မှုမှာ (၁၆)ကြိမ်မြောက် ရက်ရွှေ့ဆိုင်းခြင်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့်အိုဘားမား အကြိုရွေးကောက်ပွဲများအတွက် ဆက်လက်မဲဆွယ်နေကြ

ဝါရှင်တန် မတ် ၈

အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်အရွေးခံရရေးအတွက် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ ဆက်လက်ယှဉ်ပြိုင် စည်းရုံးလျက်ရှိစဉ် ဒီမိုကရက်များအနေဖြင့် ပါတီတွင်း စည်းလုံးညီညွတ်ရေးကို လုံးပမ်းရမည့်တိုက်ပွဲနှင့် ကြုံတွေ့ရသည်။

အနည်းငယ်ပို

မတ်၄ရက်(အင်္ဂါနေ့)က အဓိကရအကြို ရွေးကောက်ပွဲများနှင့် အနိုင်ရလိုက်သည့်အတွက် ဟီလာရီကလင်တန်၏ မဲဆွယ် စည်းရုံးရေးလုပ်ငန်းမှာ ပြန်လည် ဦးမော့လာသည်။ သို့သော် ညီလာခံ ကိုယ်စားလှယ် ရရှိမှုတွင် အိုဘားမားက အနည်းငယ် ပိုလာသည်။

ဒီမိုကရက်တို့အနေဖြင့် ဟီလာရီနှင့် အိုဘားမားတို့ ထိုမျှအကြိတ်အနယ်ဖြစ်သည့်အတွက် မစ်ချီဂန်နှင့် ဖလော်ရီဒါပြည်နယ်အကြိုရွေးကောက်ပွဲများ ပြန်လုပ်ရေး စီစဉ်ရမလိုဖြစ်နေသည်။

ပိတ်ပင်ခံထားရ

ဤပြည်နယ်နှစ်ခုမှာ ဖေဖော်ဝါရီ ၅ ရက်မတိုင်မီ အကြိုရွေးကောက်ပွဲ မလုပ်ရန် ပါတီစည်းကမ်းရှိပါလျက် မစ်ချီဂန်ပြည်နယ်က ဇန်နဝါရီ၁၅ရက်နှင့် ဖလော်ရီဒါပြည်နယ်က ဇန်နဝါရီ ၂၉ရက်တို့တွင် ပါတီစည်းကမ်း ချိုးဖောက်ကာ အချိန်စော၍ အကြိုရွေးကောက်ပွဲများ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ပါတီညီလာခံ ကျင်းပသည့်အခါ မဲပေးခွင့် ပိတ်ပင်ခံထားရသည်။

ကျော်လွန်

ရီပတ်ဘလီကင်ပါတီမှ အထက်လွှတ်တော်အမတ်ဂျွန်မက်ကိန်းမှာ ယခုအခါ သတ်မှတ်ညီလာခံကိုယ်စားလှယ် ဦးရေထက်ပင် ကျော်လွန်ရရှိနေသည်။ အနီးကပ်ဆုံး ပြိုင်ဘက် မိုက်ဟတ်ကာဘီးသည်လည်း ပြိုင်ပွဲမှထွက်သွားပြီဖြစ်သည်။

အကြိတ်အနယ်

ဒီမိုကရက်တစ်ပါတီမှ ဟီလာရီနှင့် အိုဘားမားတို့သည်သာ နောက်မဆုတ်သာတော့ဘဲ အကြိတ်အနယ် စည်းရုံး မဲဆွယ်လျက်ရှိသည်။ မတ် ၁၁ရက်(အင်္ဂါနေ့)တွင်မစ္စစ္စပီပြည်နယ်၌ အကြိုရွေးကောက်ပွဲ ပြုလုပ်သည့်အခါ ယှဉ်ပြိုင်ကြရမည်ဖြစ်၍ ယခုအခါ နှစ်ဦး အကြိတ်အနယ် မဲဆွယ်လျက်ရှိကြသည်။

(အင်တာနက်)

ချီလီနိုင်ငံ ဆန်တီယာဂိုမြို့တွင် တောမီးများ လောင်ကျွမ်းလျက်ရှိရာ မတ်၇ရက်က မီးသတ်ရဟတ်ယာဉ်များဖြင့် မီးငြိမ်းသတ်လျက်ရှိသည့် မြင်ကွင်းကို ဤသို့တွေ့မြင်ရသည်။

(အင်တာနက်ဓာတ်ပုံ)

အပြိုင်အဆိုင် ဆက်လက်မဲဆွယ်ရဦးမည့် ဟီလာရီကလင်တန်နှင့် အိုဘားမား။

(အင်တာနက်ဓာတ်ပုံ)

ထောင်ပေါင်းများစွာသော ကိုလံဘီယာပြည်သူများ အကြမ်းဖက်တိုက်ခိုက်မှုဆန့်ကျင်ရေး ဆန္ဒပြ

ဘိုဂိုတာ မတ် ၈

ကိုလံဘီယာနိုင်ငံရှိ မြို့ကြီးများ၌ ထောင်ပေါင်းများစွာသော ကိုလံဘီယာပြည်သူများသည် မတ်၇ရက်က အကြမ်းဖက်တိုက်ဖျက်ရေး ဆန္ဒပြပွဲများ ပြုလုပ်ခဲ့သည်။

လှည့်လည်ဆန္ဒပြ

ဆန္ဒပြသူများက စစ်ရဲများအလို မရှိ၊ အစုအပြုံလိုက် သတ်ဖြတ်မှုများ မလိုလား ဟူသော ဆိုင်းဘုတ်များ၊ အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရသော သူများ၏ဓာတ်ပုံများ ကိုင်မြှောက်၍ မြို့တော်ဘိုဂိုတာရှိ လမ်းများတစ်လျှောက် လှည့်လည်ဆန္ဒပြခဲ့ကြသည်။ **(ယာပုံ)**

စစ်ရဲများသည် တောတွင်း ပြောက်ကျား တိုက်ခိုက်ရေးသမားများနှင့် ပဋိပက္ခဖြစ်ပွားလျက် လူထောင်ချီ၍ သတ်ဖြတ်နေကြောင်း ဆန္ဒပြသူများက စွပ်စွဲထားသည်။

စွပ်စွဲခံ

ကိုလံဘီယာ စစ်ရဲများသည် ပြောက်ကျား သူပုန်များအား အမြစ်ပြတ် ချေမှုန်းတိုက်ခိုက်လျက်ရှိရာ မရေမတွက်နိုင်အောင် အစုအပြုံလိုက် သတ်ဖြတ်သူများအဖြစ် စွပ်စွဲခံနေရသည်။ **(အင်တာနက်)**

ပါကစ္စတန်ဝန်ကြီးချုပ် ရွေးချယ်ရေးဆုံးဖြတ်ချက် ပီပီပီပါတီ ရက်ရွှေ့ဆိုင်းထား

အစ္စလမ္မာဘတ် မတ် ၈

ပါကစ္စတန်ပြည်သူ့ပါတီ (ပီပီပီ) က ပါကစ္စတန်ဝန်ကြီးချုပ်သစ်ခန့်ထားရေးဆုံးဖြတ်ချက်ကို မတ် ၆ရက်တွင် နောက်ထပ်နှစ်ရက် ရွှေ့ဆိုင်းလိုက်ကြောင်း ပါတီခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

ဆုံးဖြတ်ချက်ချမှတ်မည်

ဝန်ကြီးချုပ်သစ် ရွေးကောက်ရေး အပြီးသတ်ဆုံးဖြတ်ချက်ကို နောက်နှစ်ရက်တွင် ချမှတ်မည်ဟု ပီပီပီပါတီက ဖေဖော်ဝါရီ၁၈ ရွေးကောက်ပွဲ၌ အနိုင်ရပြီးနောက် ဝန်ကြီးချုပ် ရွေးချယ်ရေး အထူးအစည်းအဝေးအပြီးတွင် ပါတီခေါင်းဆောင်က သတင်းထောက်များအား ပြောကြားသည်။

ပီပီပီပူးတွဲဥက္ကဋ္ဌ အလီဇာဒါရီသည် ထိုအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။

ရက်ရွှေ့ဆိုင်း

ပါကစ္စတန်သမ္မတ မူရှာရက်ဖ်က လွှတ်တော်ဥက္ကဋ္ဌသစ် ရွေးချယ်ရန် ယခုအထိ လွှတ်တော် အစည်းအဝေး မခေါ်သေးသည့်အတွက် ဝန်ကြီးချုပ်ခန့်အပ်ရေး ဆုံးဖြတ်ချက်ကို ရက်ရွှေ့ဆိုင်းခြင်းဖြစ်သည်ဟုလည်း ပီပီပီပါတီခေါင်းဆောင် နဟီးဂါဘူးက ပြောကြားသည်။

သမ္မတမူရှာရက်ဖ်က လွှတ်တော်အစည်းအဝေး မကြာမီခေါ်ယူလျှင် မိမိတို့ကလည်း ဝန်ကြီးချုပ်ခန့်ရေးဆုံးဖြတ်ချက်ကို မကြာမီချမှတ်မည်ဟု မစ္စတာဂါဘူးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါလက်စတိုင်း–အစ္စရေး အပစ်အခတ်ရပ်စဲရေး အီဂျစ် အိမ်ရှင်အဖြစ်လက်ခံဆွေးနွေးပေး

ဂါဇာ မတ် ၈

ပါလက်စတိုင်းစစ်သွေးကြွလှုပ်ရှားမှုအဖွဲ့နှင့် အစ္စရေးတို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ဟားမက်စ်နှင့် အစ္စလမ္မစ်ဂျီဟတ်တို့အကြား မတ်၆ရက်မှစပြီး အီဂျစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံဆွေးနွေးလျက်ရှိသည်။

ဆွေးနွေး

ဟားမက်စ်နှင့် အစ္စလမ္မစ်အုပ်စုများမှ ဂါဇာခေါင်းဆောင်များက အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်နေသည့် ကိစ္စနှင့်ပတ်သက်ပြီး အီဂျစ်နိုင်ငံ အယ်လ်အရစ်မြို့၌ ဆွေးနွေးလျက်ရှိသည်။

အဆိုပါဆွေးနွေးပွဲသည် အစ္စရေးက ဂါဇာကမ်းမြောင်ဒေသကို ငါးရက်ကြာ ထိုးစစ်ဆင်တိုက်ခိုက်ပြီး သုံးရက်အကြာတွင် ဆွေးနွေးမှုစတင်ခဲ့ခြင်းဖြစ်သည်။ ယင်းထိုးစစ်ကြောင့် ပါလက်စတိုင်းလူမျိုး ၁၂၀ခန့်သေဆုံးခဲ့ရသည်။

ထွက်ခွာ

အပစ်အခတ်ရပ်စဲရေးကိစ္စဆွေးနွေးရန် အယ်လ်အရစ်မြို့သို့ မိမိတို့ကိုယ်စားလှယ်များ ထွက်ခွာသွားကြောင်း ဟားမက်စ်တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

နိုင်ရိုဘီ၌ ဂိုဏ်းခေါင်းဆောင် လွတ်မြောက်ရေး ဆန္ဒပြ

နိုင်ရိုဘီ မတ် ၈

ကင်ညာနိုင်ငံ၏မြို့တော် နိုင်ရိုဘီမြို့၌ မတ် ၆ရက်က မွန်ဂျိုကီဂိုဏ်းခေါင်းဆောင်အား အကျဉ်းစခန်းမှ လွှတ်ပေးရန် ရာပေါင်းများစွာသော ကင်ညာလူငယ်များက ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

ထိုသို့ဆန္ဒပြမှုမှာ အင်အားကြီးထွားလာသဖြင့် ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ သုံးပြီး လူစုခွဲခဲ့ရကြောင်း၊ ရွေးကောက်ပွဲအကြမ်းဖက်မှုများပြီးနောက်ထပ်မံ၍ အကြမ်းဖက်မှုဖြစ်လာနိုင်ကြောင်း၊ ယင်းအတွက်မျက်ရည်ယိုဗုံးများသုံး၍ ဖြိုခွင်းခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကင်ညာနိုင်ငံ၌ ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်၍ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ရပြီး လူပေါင်း ၁၅၀၀ ခန့် သေဆုံးခဲ့ရသည်။ ထို့အပြင် လူပေါင်း ၃၀၀၀၀၀ခန့် နေအိမ်များကို စွန့်ခွာ ထွက်ပြေးခဲ့ရသည်။

အမ်အင်န်အေ၊ရိုက်တာ

ရှင်းလင်း

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ ကာရာဒါ ဈေးဆိုင်တန်း၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်ကို မတ်၇ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘဂ္ဂဒက်မြို့လယ်၌ ဗုံးနှစ်လုံးပေါက်ကွဲ ၅၄ ဦးသေဆုံး၊ ၁၃၀ဒဏ်ရာရရှိ

ဘဂ္ဂဒက် မတ် ၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ ကာရာဒါဈေးဆိုင်တန်း၌ ဗုံးနှစ်လုံး မတ်၇ရက်က ပေါက်ကွဲခဲ့ရာ အနည်းဆုံး ၅၄ ဦးသေဆုံးသွားကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောကြားသည်။

ပစ်မှတ်ထား

အဆိုပါ ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လမ်းမကြီးပေါ်၌ သွေးအိုင်များ လွှမ်းသွားကြောင်း၊ အခြားလူ ၁၃၀ လည်း ဒဏ်ရာရရှိသွားကြောင်း တာဝန်ရှိသူများက ဆက်လက်ပြောကြားသည်။ ယင်းဗုံးများ ပေါက်ကွဲလျှင် ပေါက်ကွဲချင်း လူအများက တစ်စစီဖြစ်နေသော လူ့ခန္ဓာကိုယ်အပိုင်းအစများကို လိုက်ကောက်နေကြောင်း၊ အမျိုးသမီးတစ်ဦးမှာ သားများပျောက်၍ အော်ဟစ်ငိုကြွေးနေစဉ် ကယ်ဆယ်ရေးအဖွဲ့က ရှာဖွေပေးနေကြောင်း မြင်ကွင်းကို တွေ့ရသူတစ်ဦးက ပြောသည်။ အဆိုပါ ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာတွင် ပထမဗုံးပေါက်ကွဲသည့်နေရာ၌ လူအများ ရုတ်ရုတ်သဲသဲဝိုင်းအုံကြည့်ရှုနေစဉ် လူအုပ်ကြီးကို ပစ်မှတ်ထားလျက် အကြမ်းဖက်သမားများ၍ ဖောက်ခွဲတိုက်ခိုက်ခဲ့သဖြင့် သေဆုံးသူ အရေအတွက်မှာ ပို၍ များခဲ့ရခြင်းဖြစ်ကြောင်း ဒေသခံသတင်းထောက်တစ်ဦးက ပြောကြားသည်။

ပထမပေါက်ကွဲသည့် ဗုံးမှာ လမ်းဘေးထောင်ချောက်ဗုံးဖြစ်ကြောင်း၊ ယင်းဗုံးပေါက်ကွဲမှုတွင် ဝိုင်းအုံကြည့်ရှုနေသူများကို အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးက လူအုပ်အတွင်း တိုးဝှေ့ဝင်ရောက်ကာ ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ကြမ်းတမ်းစွာ ကစားသည့်ဘောလုံးသမား ထိရောက်စွာအရေးယူရန်ဖီဖာဥက္ကဋ္ဌပြောကြား

ဖီဖာ မတ် ၈

အပြစ်ရှိသော ဘောလုံးသမားများနှင့် ရာဇဝတ်မှုခင်းများဖြစ်အောင် ပြုလုပ်သောဘောလုံးသမားများကို ယခုထက်ပိုပြီး အချိန်ပို၍ပိတ်ပင် အရေးယူသွားရန်လိုကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ဆော်ဩတိုက်တွန်း လိုက်သည်။

လာမည့် နိုင်ငံတကာဘောလုံးဘုတ်အဖွဲ့ အစည်းအဝေးတွင် ထိုအချက်ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လက်ရှိကွင်းလယ်ဒိုင်လူကြီးများသည် ပြိုင်ပွဲအများစုတွင် မိနစ်၂၀ကျော်မှ အဝါကတ်၊ အနီကတ်များပြနေကြောင်း၊ လိုအပ်လျှင် ပွဲစပြီး သုံးမိနစ်၊ လေးမိနစ်အတွင်းမှာပင် အဝါကတ်၊ အနီကတ်များကို ပြရမည်ဖြစ်ကြောင်း ဘလတ္တာက တိုက်တွန်းလိုက်သည်။

ပြိုင်ပွဲများတွင် ကြမ်းတမ်းစွာကစားသည့် ဘောလုံးသမားများကို ထိုက်တန်စွာ အပြစ်ပေးရမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

မြင့်မောင်စိုး စုစည်းသည်

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ

မန်ယူနည်းပြကြီး ဖာဂူဆန် ၂၀၁၁ ခုနှစ်တွင်မှ အနားယူဖွယ်ရှိ

လန်ဒန် မတ် ၈

မန်ချက်စတာယူနိုက်တက်အသင်း နည်းပြကြီး ဆာအလက်ဇ် ဖာဂူဆန် **(ယာပုံ)** က ၎င်းအနေဖြင့် ၂၀၁၁ခုနှစ်တွင် နည်းပြအဖြစ်မှ အနားယူလိမ့်မည်ဖြစ်ကြောင်း အရိပ်အမြွက်စကားပြောကြားသည်။

မိမိသည် အိုးထရက်ဖို့ဒ်၌ ရာစုနှစ်၏လေးပုံတစ်ပုံကြာနည်းပြတာဝန်ကို လုပ်ကိုင်ပေးခဲ့ပြီဖြစ်ကြောင်း၊ မိမိ ယခု အသက်၆၆နှစ်ရှိနေပြီဖြစ်ကြောင်း၊ နောင်သုံးနှစ်ထက်ပို၍ နည်းပြလုပ်နိုင်ဖွယ်မရှိကြောင်း၊ အသက်၆၉နှစ်အရွယ်တွင် နည်းပြလုပ်ခြင်းမှအနားယူလိမ့်မည်ဖြစ်ကြောင်း ဖာဂူဆန်က ပြင်သစ်ရေဒီယိုသို့ပြောကြားသည်။ နည်းပြဖာဂူဆန်သည် ၁၉၈၆ခုနှစ်တွင် အဘာဒင်းကလပ်မှ မန်ယူသို့ရောက်ရှိခဲ့ပြီး မန်ယူအသင်းအား ဖလား၁၈လုံး ဆွတ်ခူးပေးနိုင်ခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

တိုက်စစ်မှူး မက်ဆီ ခြောက်ပတ်အနားယူရမည်

ဘာစီလိုနာ မတ် ၈

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် ဝဲဘက်ပေါင်ကြွက်သား ထိခိုက်ဒဏ်ရာရထား၍ ခြောက်ပတ်အနားယူရမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

အာဂျင်တီးနား တိုက်စစ်မှူးမက်ဆီသည် ယင်းဒဏ်ရာရရှိထားမှုကြောင့် ဧပြီလတွင် ကစားမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲ၊ စပိန် လာလီဂါပွဲခုနစ်ပွဲနှင့် ဗလင်စီယာနှင့် ကစားမည့် စပိန်ဘုရင့်ဖလား အကြိုဗိုလ်လုပွဲများနှင့် လွဲမည်ဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။ (အင်တာနက်)

လာမည့်ဘောလုံးရာသီ မော်ရင်ဟိုနည်းပြ ပြန်လုပ်မည်

မီလန် မတ် ၈

ဟိုဆေးမော်ရင်ဟိုသည်လာမည့်နှစ်တွင် စပိန် သို့မဟုတ် အီတလီသို့သွားရောက်ကာ ဘောလုံးနည်းပြအဖြစ် လုပ်ကိုင်လိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မိမိသည် ယခုအခါ မည်သည့်ကလပ်တွင် နည်းပြလုပ်ရန် ရွေးချယ်နေဆဲဖြစ်ကြောင်း၊ ပေါ်တူဂီနည်းပြမလုပ်မီ အင်္ဂလိပ်ပရီမီယာလိဂ်သို့လည်း နည်းပြလုပ်ရန် ဆန္ဒရှိနေကြောင်း အသက်၄၅နှစ်ရှိ မော်ရင်ဟိုက ဂေးဇက်တာဒယ်လာ အားကစားဂျာနယ်သို့ ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့ပြေးခုန်ပစ် အားကစားပြိုင်ပွဲ တာတိုအပြေးသမား ချန်းဘားစ် စံချိန်တင်

ဗလင်စီယာ မတ် ၈

(၁၂)ကြိမ်မြောက် အိုင်အေအေအက်ဖ်ကမ္ဘာ့အင်ဒိုးချန်ပီယံရှစ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲကို စပိန်နိုင်ငံ ဗလင်စီယာမြို့၌ မတ်၇ရက်မှ ၉ရက်အထိ ယှဉ်ပြိုင်လျက်ရှိရာ ဗြိတိန်မှ တာတိုအပြေးသမား ဒီဝိန်ချန်းဘားစ်သည် အမျိုးသား မီတာ၆၀ပြေးပွဲ ပထမအကျော့တွင် ၆ဒသမ၆၉စက္ကန့်ဖြင့် စံချိန်တင် ပြေးနိုင်ခဲ့သည်။

အကြိုဗိုလ်လုပွဲနှင့်ဗိုလ်လုပွဲ

ချန်းဘားစ်သည် ယင်းမီတာ၆၀ပြိုင်ပွဲအတွက် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများတွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အသက် ၂၉နှစ်ရှိ ၎င်းတာတို အပြေးသမားသည် ဖေဖော်ဝါရီ ၉ရက်က ရှက်ဖီး၌ လူရွေးပွဲပြေးရာတွင်လည်း စံချိန်သစ်များတင်ထားသူဖြစ်၍ ရွှေတံဆိပ်ရရန် အလားအလာကောင်းသူဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

အဝေးကွင်းမှာ အကြိတ်အနယ်နွှဲရမည့်အာကြီး စပါးတို့ရင်မရဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၂၉)

လန်ဒန် မတ် ၈

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ကို မတ် ၉ရက် (ယနေ့) **မှာ ဆက်လက်ယှဉ်ပြိုင် ကစားမှာဖြစ်ပေမယ့် အက်ဖ်အေပွဲတွေနဲ့ တိုက်နေတဲ့အတွက် ဒီနေ့မှာ ဘောလုံးပွဲ သုံးပွဲပဲ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။**

ဝီဂန်နှင့် အာဆင်နယ်

ပထမအကျော့တုန်းက အာဆင်နယ်အိမ်ကွင်းမှာ ဝီဂန်တို့ နှစ်ဂိုးပြတ်နဲ့ အနိုင်ရထားခဲ့တာမို့ အခုပွဲမှာ ဝီဂန်တို့ အာကြီး ခြေစွမ်းကို ရှုံ့နေမှာတော့ အမှန်ပါပဲ။ အာကြီးနဲ့ဆုံတိုင်း ဝီဂန်တို့ အဝေးကွင်း၊ အိမ်ကွင်းတစ်ပွဲမှ အနိုင်မရခဲ့ပါဘူး။ ဝီဂန်ရဲ့ မာကပ်ဘင့်နဲ့ တေလာတို့က ဂိုးသွင်းနိုင်ကြသူတွေဖြစ်ပေမယ့် အာကြီးက အဒီဘာယော၊ ဖာဘရီဂတ်စ်တို့ အုပ်စုလောက် ဂိုးသွင်းခြေစွမ်းမထက်မြက်ပါဘူး။ အာစင်ဝင်းဂါးဟာ ပရီမီယာလိဂ်ဖလားကို အရယူဖို့ ဆုံးဖြတ်ချက်ချထားတာမို့ ဝီဂန်နဲ့ပွဲမှာ တစ်မှတ်မှ အလျှော့ခံမှာမဟုတ်တာကြောင့် ဝီဂန်တို့ ညှော့ခံရုံကလွဲပြီး ဘာမျှော်မှန်းချက်မှ ထားလို့မရနိုင်ပါဘူး။

ဒါပေမယ့် တန်းဆင်းဇုန်နားမှာ ရစ်ဝဲနေရတဲ့ စိတ်ဒုက္ခက ကင်းဝေးအောင် ဒီပွဲမှာအနည်းဆုံး တစ်မှတ်လောက် ရရေးဝီဂန်တို့ အပြင်းအထန်ခံကစားမှာ သေချာပါတယ်။ ဝီဂန်တို့ အကြိတ်အနယ် နွှဲမှာကြောင့် အာကြီးတို့ အလွယ်တကူတော့ အနိုင်ရမှာမဟုတ်ပေမယ့် အာကြီးဘက်ကပဲ ဇွတ်မှိတ်ရပ်ရမယ့်ပွဲပါပဲ။

စပါးနှင့် ဝက်စ်ဟမ်း

စပါးကွင်းမှာ ဝက်စ်ဟမ်းတို့ နိုင်ပွဲမရတာကြာပါပြီ။ ၂၀၀၁ခုနှစ် နောက်ပိုင်းမှာ စပါးကွင်းမှာ ဝက်စ်ဟမ်းတို့ ခုနစ်ပွဲကစားခဲ့တဲ့ နေရာမှာ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ စပါးဟာ အိမ်ကွင်းမှာ အသင်းကြီးတွေကိုတောင် အနိုင်ကစားနိုင်တဲ့ခြေစွမ်းရှိပြီး ဘာဘာတော့ဗ်နဲ့ ရော်ဘီကိန်းတို့ကလည်း တစ်ဖက်ခံစစ်ကြောင်းကို မနားတမ်း မွှေနှောက်ထိုးဖောက် ဂိုးသွင်းကြသူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် စပါးရဲ့ ခံစစ်မှူးတွေက အမှားအယွင်းတွေ လုပ်တတ်တာကြောင့် ချာလ်တန်ကို ဦးဆောင်တဲ့ ဝက်စ်ဟမ်း တိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ တိုက်စစ်အပိုင်းမှာ စပါးကပိုပြီး ထက်မြက်ပေမယ့် ခံစစ်ကြောင်းမှာ ဝက်စ်ဟမ်းတို့က သိပ်သည်းကျစ်လျစ်မှုပိုများတာမို့ ဘာဘာတော့ဗ်တို့ ဘယ်လိုထိုးဖောက် ဂိုးသွင်းကြမလဲ ဆိုတာကြည့်ရမှာပါ။ ဝက်စ်ဟမ်းကို သဘောကျပေမယ့် စပါးကို ပိုပြီးစိတ်တိုင်းကျပါတယ်။

ဆန်းဒါးလန်းနှင့်အဲဗာတန်

တန်းဆင်းဇုန်ထဲမရောက် အောင် ရုန်းကန်နေရတဲ့ ရွိုင်ကိန်းရဲ့ ဆန်းဒါးလန်းလည်း အခုပွဲမှာ အဲဗာတန်နဲ့မှ လာတိုးတာ ကံဆိုးမှုတစ်ရပ်ပါပဲ။ အိမ်ကွင်း၊ အဝေးကွင်းပုံမှန်ခြေစွမ်းပြနိုင်ပြီး ရလဒ်ကောင်းတွေနဲ့ ဖြတ်သန်းနေတဲ့ အဲဗာတန်ဟာ ထိပ်ဆုံးလေးသင်း စာရင်းမှာ ဆက်လက်ရပ်တည်နိုင်ဖို့ ဆန်းဒါးလန်းကို အနိုင်ကစားမှာ သေချာပါတယ်။ ဆန်းဒါးလန်းဟာ အဝေးကွင်း၁၅ပွဲမှာ တစ်ပွဲမျှ အနိုင် မရထားပေမယ့် အိမ်ကွင်းမှာတော့ ရလဒ်ကောင်းအောင် ကစားနိုင်တဲ့ အသင်းဖြစ်ပါတယ်။ ဒါပေမယ့် ခံစစ်ကြောင်း ယို့ယွင်းနေတဲ့ ဆန်းဒါးလန်းကို အဲဗာတန် တိုက်စစ်မှူးတွေဖြစ်တဲ့ ယာကူဘူ တို့အုပ်စုက ဂိုးတွေ သွင်းယူနိုင်ကြပါလိမ့်မယ်။ ဆန်းဒါးလန်းဟာ ဒီပွဲမှာလက်ရှိအားနဲ့ သရေပွဲရအောင် မနည်းကြိုးစားရုန်းကန်ရမှာပါ။ အဲဗာတန်ကတော့ အဝေးကွင်း ဆိုပေမယ့် အမှတ်လိုအပ်နေတဲ့အတွက် အမာခံကစားသမားတွေအကုန်ထုတ်ပြီး ကစားမှာဖြစ်တာမို့ ဆန်းဒါးလန်းကို တစ်မှတ်တောင်ခွဲပေးမှာ မဟုတ်ဘူးလို့ မှန်းဆရပါတယ်။ ။

မောင်မောင်မြင့်ဆွေ



အာကြီးအတွက် ဂိုးတွေသွင်းပေးနေတဲ့ တိုက်စစ်မှူး အဒီဘာယော။

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ရာသီအလီလီ ပြောင်းလဲခဲ့ပါသော်လည်း...

ဗြိတိန်နိုင်ငံ မြို့တော်ဖြစ်သည့် လန်ဒန်မြို့သည် စည်ကားလှသည်။ လန်ဒန်မြို့တောင်ပိုင်း ပက်ခန်အရပ်တွင် လွန်ခဲ့သော၂၀၀၀ပြည့်နှစ် နိုဝင်ဘာလက အသက် ၁၀နှစ်အရွယ်ရှိ ဒါမီလိုလာတေလာ **(ယာအပေါ်)** ဆိုသည့် ကျောင်းသားလေး အသတ်ခံခဲ့ရသည်။

မှားယွင်းသည့်အဖြေ

ထိုစဉ်က ဒါမီလိုလာအသတ်ခံရမှုနှင့် ပတ်သက်သည့် အသက် ၁၂နှစ်နှင့်၁၃နှစ်အရွယ်ရှိ ဒန်နီပရက်ဒီနှင့် ရစ်ကီပရက်ဒီတို့ ညီအစ်ကိုအားသက်သေခံ အထောက်အထားများကို စစ်ဆေးပြီး ဒီအင်န်အေ ဆေးစစ်ချက် ယူရာတွင် မှားယွင်းသည့် အဖြေထွက်ခဲ့မှုကြောင့် အမှုမှတရားစွဲဆိုခြင်း မခံရဘဲ လွတ်မြောက်ခဲ့သည်။

ပြန်လွှတ်ပေးခဲ့

ဒါမီလိုလာသည် လန်ဒန်မြို့တောင်ပိုင်း ပက်ခန်အရပ်တွင် သူနေထိုင်ရာပတ်ဝန်းကျင်ရှိ ခြံတစ်ခြံအတွင်း အသတ်ခံရခြင်းဖြစ်သည်။ ဒါမီလိုလာ သေရခြင်းမှာ ပုလင်းကွဲရှသဖြင့် သွေးထွက်လွန် သေဆုံးခြင်း ဖြစ်သည်ဟု ဂျူရီအဖွဲ့က ယူဆကာ လူသတ်မှု၊ လူသေမှုတို့ဖြင့် တရားမစွဲနိုင်ဟုဆုံးဖြတ်ချက်ချကာ အမှုမှ ဒန်နီနှင့်ရစ်ကီတို့ကို ဒါမီလိုလာ သေဆုံးပြီး ရက်အနည်းငယ်သာ ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် ပြန်လွှတ်ပေးခဲ့သည်။

ဒါမီလိုလာသည် ၂၀၀၀ခုနှစ် နိုဝင်ဘာလ၏ နေ့တစ်နေ့တွင် ကျောင်းဆင်းချိန်၌ ၎င်း၏ကျောင်းမှ ဖွင့်လှစ်



ထားသော ပက်ခန်အရပ်ရှိ ဘလိတ်စ်လမ်းမှ စာကြည့်တိုက်တွင် စာဖတ်ပြီး အိမ်သို့ ပြန်လာခဲ့သည်။ သူအိမ်သို့ ပြန်လာချိန်တွင် မှောင်စပျိုးနေပြီဖြစ်သည်။ ခါတိုင်းလည်း ထိုကဲ့သို့ သူပြန်နေကျဖြစ်သည့်အတွက် စိုးရိမ်ပူပန်မှု အလျင်းမရှိပေ။ ထိုနေ့သည် သူ့ဘဝ၏ နောက်ဆုံးနေ့ ဖြစ်သည်ကို မသိခဲ့ရှာပေ။ သူစာကြည့်တိုက်မှ ထွက်လာပြီး မကြာမီမှာပင် ဘက်ခန် မြောက်ပိုင်းအရပ်တွင် ဆိုးသွမ်း လူငယ်ဂိုဏ်းနှင့် ပက်ပင်းတိုးကာ သူ့အတွက် ကံဆိုးမိုးမှောင်ကျခဲ့သည်။ တစ်ဦးတည်းဖြစ်နေသောသူ့အားယင်းလူငယ်များကဝိုင်းဝန်း ရန်စတိုက်ခိုက်ကြသည်။ သူ့အား ရန်စသည့်၁၀ဦးခန့်ရှိသောလူငယ်များအနက် အသက်အကြီးဆုံး ဖြစ်ဟန်တူသော လူငယ်နှစ်ဦးက အဆိုးရွားဆုံးဖြစ်သည်။

အသက်ကိုရန်ရှာ

ဒါမီလိုလာသည် အေးဆေးစွာ နေတတ်သည့်လူငယ်ဖြစ်သဖြင့် ရန်ကို ရန်ချင်း တုံ့ပြန်ခြင်းမပြုခဲ့သော်လည်း အဆိုးရွားဆုံး ရန်ရှာ၊ ရန်လိုနေသော ၎င်းလူငယ်နှစ်ဦးအနက် တစ်ဦးက သူ့အား ပုလင်းကို ထက်ပိုင်းရိုက်ခွဲကာ သူ့အားထိုးခဲ့သည်။ ဒါမီလိုလာသည် သူ့အသက်ကို ရန်ရှာလာသဖြင့် ယင်းပုလင်းထက်ပိုင်းပြတ်ကို ရှောင်တိမ်းလုယူရင်း သူ့ထက် အသက်ကြီးပုံရသည့် လူကောင်ပါထွားကျိုင်း သန်မာသူ လူငယ်နှင့် လုံးထွေးသတ်ပုတ်သည့် အနေအထားသို့ ရောက်ရှိသွားခဲ့သည်။

ထိုအချိန်တွင် သူ၏ အောက်သို့ ရောက်ရှိသွားသော သူ့အား ရန်ပြုသည့် လူငယ်က အောက်မှ ပုလင်းပြတ်ဖြင့် ပင့်ထိုးခဲ့သဖြင့် သူ၏ ဝမ်းဗိုက်ကိုထိုးမိသလို လက်ကိုလည်း ထိခိုက်မိခဲ့သည်။ ဒါမီလိုလာသည် ဝမ်းဗိုက်မှ နာကျင်မှုဝေဒနာကြောင့် မျက်စိပြာဝေသွားကာ သူ၏ အိမ်ရှိရာ ပက်ခန်တောင်ပိုင်း အရပ်သို့ အရောက်ပြေးခဲ့သည်။ သူ၏ အိမ်အရောက်တွင်မူ စိတ်ကိုလျှော့ချကာ လဲကျသေဆုံးခဲ့သည်။ ဒါမီလိုနာ၏ ဖခင်နှင့်မိခင်တို့မှာ ယူကျုံးမရဖြစ်ခဲ့ရသကဲ့သို့ အမှုမှ လွတ်ပေးခြင်းခံရသည့် လူငယ်များအား အရေးယူနိုင်ရန် မှုခင်းစစ်ဆေးချက်ကို ဒုတိယအကြိမ် ပြန်စစ်ဆေးရန် ကြိုးပမ်းခဲ့မှုကြောင့် တရားခံများကို ဖော်ထုတ်နိုင်ခဲ့သည်။ ထိုအမှု၏ ကုန်ကျစရိတ်မှာ ပေါင်၁၆သန်းခန့် ကုန်ကျမည် ဖြစ်သည်။

ဒုတိယအကြိမ် မှုခင်းစစ်ဆေးချက်အရ ဒန်နီ၏ အခန်းထဲမှ ပတ္တူဖိနပ်တွင် ဒိုမီလိုလာ၏ သွေးကွက်ကို တွေ့ရသကဲ့သို့ ရစ်ကီ၏ အခန်းထဲမှ ရွှေးခံဆွယ်တာတွင် အခြားသွေးကွက်တစ်ခုကို တွေ့ခဲ့ရသည်။ ထို့ကြောင့် ဒန်နီနှင့် ရစ်ကီတို့ ၂၀၀၆ခုနှစ် ဇွန်လတွင် ပြန်လည်ဖမ်းဆီးကာ တရားစွဲဆိုခဲ့သည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ၂၀ ရက်တွင်မူ ဒန်နီပရက်ဒီနှင့် ရစ်ကီပရက်ဒီတို့ကို ထောင်ဒဏ် ရှစ်နှစ်စီကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ရိုးသားအေးဆေးစွာ နေထိုင်ကာ ကျောင်းတွင် သာယာအေးချမ်းစွာ ပညာသင်ကြားပြီး ပြန်လာသူ ဒါမီလိုလာတေလာကို တမင်ရန်စ ဗိုလ်ကျကာ သတ်ဖြတ်ခဲ့သူ ဒန်နီနှင့်ရစ်ကီတို့မှာ ဆေးစစ်ချက် မှားယွင်းမှုကြောင့် ပြစ်ဒဏ်မှယာယီအားဖြင့်လွတ်မြောက်ခဲ့သော်လည်း အမှန်တရား ပေါ်ပေါက်သည့်နေ့တွင်မူ ရာသီအလီလီပြောင်းလဲခဲ့ပါသော်လည်း ပြစ်မှုကြွေးမှ ပြေးမလွတ်သည့်အဖြစ်ကို သင်ခန်းစာယူဖွယ်ရာ အဖြစ် တင်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

* ရှေ့ဖုံးမှ

သို့သော်လည်း ၁၉၉၅ခုနှစ် စက်တင်ဘာတွင် ၎င်းတို့နှင့်သီးသန့်တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုခဲ့ကြောင်း၊ ၎င်းတို့တောင်းဆိုသည့်ကိစ္စများမှာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များနှင့်သက်ဆိုင်သည့် ကိစ္စများမဟုတ်ကြောင်း၊ ၎င်းတို့တောင်းဆိုချက်မရ၍ဟုဆိုကာ ၎င်းတို့သဘောဖြင့် ညီလာခံမှထွက်ခွာသွားခဲ့ကြကြောင်း၊ ညီလာခံတက်ရောက်သည့် ကိုယ်စားလှယ်များနှင့်သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းအရ သဘာပတိအဖွဲ့၏ ခွင့်ပြုချက်မရဘဲ နှစ်ရက်ဆက်တိုက် ပျက်ကွက်ပါက ညီလာခံကိုယ်စားလှယ်အဖွဲ့မှ ပျက်ပြယ်ပါကြောင်း၊ သို့ပါ၍ ၎င်းတို့အား ညီလာခံကိုယ်စားလှယ်အဖြစ်မှလည်း ရပ်စဲခဲ့ရပါကြောင်း၊ NLD သည် ယင်းနောက်ပိုင်းတွင် အမျိုးသားညီလာခံ၌ လုံးဝတက်ရောက်ခြင်းမရှိတော့ကြောင်း၊ **၂၀၀၃ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ မူဝါဒလမ်းစဉ်(၇)ရပ်ကို ကြေညာခဲ့ကြောင်း၊ ၎င်း၏ပထမအချက်မှာ အမျိုးသားညီလာခံပြန်လည်ကျင်းပရေးဖြစ်ကြောင်း၊ ၂၀၀၄ခုနှစ် ဇူလိုင်လတွင် ညီလာခံကိုပြန်လည်မစတင်မီ NLD ကို ဖိတ်ကြားခဲ့ကြောင်း၊ NLD မှ ကိုယ်စားလှယ်ဦးရေ တိုးမြှင့်ဖိတ်ကြားပေးရန် ပြောဆိုခဲ့၍ တိုးမြှင့်ဖိတ်ကြားခဲ့သော်လည်း ပါဝင်တက်ရောက်ခြင်းမရှိကြောင်း၊ ထို့နောက် ညီလာခံကို ပြန်လည်ကျင်းပရာတွင် NLD မပါဝင်သော်လည်း အစုအဖွဲ့(၈)ဖွဲ့မှ ကိုယ်စားလှယ်ပေါင်း၁၀၈၆ဦး ပါဝင်တက်ရောက်ခဲ့ကြောင်း၊ တိုင်းရင်းသားလူမျိုးများအစုအဖွဲ့တွင် တစ်တိုင်းပြည်လုံးမှ ကိုယ်စားလှယ် ၆၀၀ကျော် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြောင်း၊ ညီလာခံကြီးကို ပြန်လည်ကျင်းပရာ၌ အဆွေတော်ကိုလည်း ဖိတ်ကြားခဲ့ရာ ဖော်ပြပါကိုယ်စားလှယ်များနှင့် ရင်းနှီးစွာတွေ့ဆုံဆွေးနွေးခဲ့သည်ကို မှတ်မိမည်ဖြစ်ပါကြောင်း၊ ထို့နောက် ၂၀၀၄ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သော အမျိုးသားညီလာခံသည် ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် ကျန်ရှိသည့်အခန်းများဆိုင်ရာအခြေခံမူများကို ပြီးပြတ်အောင်ဆွေးနွေးချမှတ်နိုင်ခဲ့ကြောင်း၊ ညီလာခံ၏ လုပ်ငန်းများကို သတင်းစာများတွင် ပြည့်စုံစွာထည့်သွင်းဖော်ပြခဲ့ကြောင်း၊ ရေဒီယိုနှင့် တယ်လီဗီးရှင်းမှလည်း တိုက်ရိုက်ထုတ်လွှင့်ပေးခဲ့ကြောင်း၊ ၂၀၀၇ခုနှစ် ညီလာခံပြီးဆုံးချိန်တွင် ၁၉၉၃ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ညှိနှိုင်းဆုံးဖြတ်ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအားလုံးကို စာအုပ်အဖြစ် ရိုက်နှိပ်ဖြန့်ဝေခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံမှ ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကိုအခြေခံလျက် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲနိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ကြောင်း၊ ကော်မရှင်တွင် အဖွဲ့ဝင် ၅၄ ဦးပါဝင်ကြောင်း၊** ယင်းအဖွဲ့ဝင်များတွင် ၁၉၄၇-၁၉၇၄ အခြေခံဥပဒေများရေးဆွဲစဉ်က အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များ၊ နိုင်ငံတကာ **ဥပဒေနှင့် ဥပဒေရေးရာများတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များ၊ အခြားနယ်ပယ်များတွင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များပါဝင်ကြောင်း၊** ယင်းသို့ ပထမပိုင်းတွင် အစုအဖွဲ့(၈)ဖွဲ့မှ ပြည်သူ့ကိုယ်စားလှယ်များနှင့် ဒုတိယပိုင်းတွင် ဖော်ပြပါဥပဒေကျွမ်းကျင်သူများ ပါဝင်ရေးဆွဲခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် နိုင်ငံတကာ အဆင့်အတန်းများနှင့် ကိုက်ညီပါကြောင်း၊ ၎င်းဥပဒေမူကြမ်း စာအုပ်ကိုလည်း အဆွေတော်အား ပေးအပ်မည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံဥပဒေမူကြမ်း အတည်ပြုနိုင်ရေးအတွက် **ဆန္ဒခံယူပွဲ တစ်ရပ်ကို မေလတွင် ပြုလုပ်မည်ဟု ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကိုလည်း ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၂၆ရက်တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ကြောင်း၊ ယင်းဥပဒေတွင် ဆန္ဒမဲပေးခွင့်ရှိသူများ လွတ်လပ်မျှတစွာ ပေးနိုင်ရန် ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ အဆိုပါဥပဒေတွင် အခန်း(၁၂)ခန်းပါဝင်ကြောင်း၊ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများ၏ ဖွဲ့စည်းပုံကိုကြည့်ပါက ကော်မရှင်၏အောက်တွင် ပြည်နယ်နှင့်တိုင်းအလိုက် ကော်မရှင်အဖွဲ့ခွဲများရှိကြောင်း၊ ယင်းအောက်တွင် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာ ကော်မရှင်အဖွဲ့ခွဲများရှိကြောင်း၊ အဆင့်တိုင်းတွင် လုပ်ပိုင်ခွင့်အသီးသီး ပေးအပ်ထားပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မကျန်စေရန် အစီအစဉ်များ ဂရုတစိုက်ထည့်သွင်းထားပါကြောင်း၊ ပြည်ပသို့ တရားဝင်ရောက်ရှိနေသော နိုင်ငံသားများကိုလည်း မဲပေးနိုင်ရန် စီစဉ်ထားပါကြောင်း၊ ထို့အပြင် အပြစ်ဒဏ် ချမှတ်ခြင်း မခံရသေးသော ထိန်းသိမ်းခံထားရသူများနှင့် ဆေးရုံတက်နေသူများလည်း မဲပေးနိုင်ရန် ပြဋ္ဌာန်းထားပါကြောင်း၊ မဲပေးပုံး၌ ရပ်ကွက်ကျေးရွာအဆင့်မှ စတင်ပါကြောင်း၊ ဆန္ဒမဲပေးခွင့်ရှိသူအားလုံး အခွင့်အရေးမဆုံးရှုံးစေရန် စီမံထားပါကြောင်း၊ မဲပေးရာတွင်လည်း နိုင်ငံတကာမှ ကျင့်သုံးသည့်စနစ်နှင့် ကိုက်ညီအောင် ပြုလုပ်မည်ဖြစ်ကြောင်း၊ မဲပုံးများကိုလည်း မြင်သာအောင် စီစဉ်ထားရှိမည်ဖြစ်ကြောင်း၊ ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် မဲပေးနိုင်အောင် စီမံထားပါကြောင်း၊ လွတ်လပ်စွာလျှို့ဝှက်ဆန္ဒမဲပေးနိုင်မည်ဖြစ်ကြောင်း၊ မဲရေတွက်ရာတွင်လည်း သက်သေများရှေ့တွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်မျှတသော မဲပေးနိုင်သည့်အခြေအနေမျိုး မရှိသည့်အချိန် ဆိုက်ရောက်ပါကလည်း အခြားသင့်လျော်သည့်တစ်နေရာသို့ ပြောင်းရွှေ့မဲပေးနိုင်အောင်စီမံထားပါကြောင်း၊ ဥပမာ-သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြေအနေမျိုးဖြစ်ကြောင်း၊ မသမာမှုများ၊ နှောင့်ယှက်မှုများ ပေါ်ပေါက်ပါကလည်း အရေးယူဆောင်ရွက်ရန် ပြဋ္ဌာန်းချက်များပါဝင်ကြောင်း၊ ဤပြဋ္ဌာန်းချက်များကို ထောက်ရှုပါက လွတ်လပ်၍မျှတပြီး နိုင်ငံတကာလုပ်ထုံးများနှင့် ကိုက်ညီသောမဲပေးမှုဖြစ်အောင် အကောင်းဆုံးစီမံထားခြင်းဖြစ်သည်ကို တွေ့မြင်နိုင်ပါကြောင်း၊ ယင်းဥပဒေကို အင်္ဂလိပ်-မြန်မာ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါကြောင်း၊ မဲပေးရာတွင် နှစ်မျိုးပေးနိုင်ပါကြောင်း၊ ပထမနည်းမှာ မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးခြင်းဖြစ်ပြီး ဆန္ဒမဲကျောဘက်တွင် မဲပေးပုံကိုပြသထားပါကြောင်း၊ ကိုယ်တိုင်မလာရောက်နိုင်သည့် အခြေအနေပေါ်ပေါက်ပါက အဝေးရောက်ဆန္ဒမဲပေးနိုင်ပါကြောင်း၊ ဥပမာ-ပြည်ပသို့ တာဝန်ဖြင့် တရားဝင် သွားရောက်နေသူများ၊ သံတမန်ဝန်ထမ်းများ၊ တက္ကသိုလ်/ကောလိပ် တက်ရောက်နေသော ကျောင်းသူကျောင်းသားများ၊ ဆေးရုံတက်နေသူများ၊ ပြစ်ဒဏ်ကျခံခြင်းမရှိသေးသော ထိန်းသိမ်းခံထားရသူများအတွက် ၎င်းတို့၏မဲပေးခွင့် အခွင့်အရေးမဆုံးရှုံးအောင် ကြိုတင်မဲဆန္ဒ ပေးနိုင်ရေးအတွက်လည်း စီစဉ်ထားပါကြောင်း၊ ယင်းတို့နှင့် ပတ်သက်၍ နမူနာပုံစံများကို အဆွေတော်အား ပေးအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်ချက်အားလုံးကို ခြုံ၍ကြည့်ပါက လွတ်လပ်၍မျှတသော မဲပေးမှုဖြစ်အောင် ဆောင်ရွက်ထားခြင်းဖြစ်သည်ကို အတွေ့အကြုံများပြားသည့် အဆွေတော်အနေဖြင့် သိမြင်နိုင်ပါကြောင်း၊ မဲပုံးတစ်ပုံးသာလျှင် ထားရှိမည်ဖြစ်ပါကြောင်း၊ ယင်းမဲပုံးတစ်ပုံးတွင် ထောက်ခံမဲ/ကန့်ကွက်မဲများကို ထည့်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကျင့်သုံးသည့် စနစ်အတိုင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။**

ဆန္ဒမဲလက်မှတ်နမူနာ

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းရှင်က အခြေခံဥပဒေများမှာ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်အတွင်း အကျုံးဝင်ပါကြောင်း၊ အဆွေတော်သည် မြန်မာနိုင်ငံ၏ မိတ်ဆွေဖြစ်သဖြင့် ပေးအပ်ခြင်းဖြစ်သည်ကို နားလည်စေလိုပါကြောင်းပြောကြားပြီး မစ္စတာဂမ်ဘာရီထံ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းစာအုပ်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၏ အင်္ဂလိပ်ဘာသာပြန်ဆိုချက်၊ ဆန္ဒမဲလက်မှတ်နှင့် ကြိုတင်ဆန္ဒမဲလက်မှတ် နမူနာများကို ပေးအပ်သည်။

ယင်းနောက် မစ္စတာဂမ်ဘာရီက ပြန်လည်ဆွေးနွေးပြောကြားရာတွင် အခြေခံမူကြမ်းနှင့် ပတ်သက်၍ နောက်ခံသမိုင်းနှင့် NLD ကိစ္စတို့ကို အသေးစိတ်ရှင်းပြခြင်းအတွက် ကျေးဇူးတင်ကြောင်း၊ အမျိုးသားညီလာခံ၏ နောက်ဆုံးအပိုင်းတစ်ခုတွင် မိမိပါဝင်တက်ရောက် လေ့လာခွင့်ရခဲ့ပြီး ငြိမ်းချမ်းရေးအဖွဲ့(၁၇)ဖွဲ့မှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးခွင့်ရရှိခဲ့သည်ကိုလည်း ပြန်လည်မှတ်မိပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို အပြည့်အဝလေးစားမှုရှိကြောင်း၊ ယခုကဲ့သို့ အသေးစိတ်ရှင်းပြခြင်းသည် မြန်မာနိုင်ငံဘက်က ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုအပေါ် တန်ဖိုးထားသည်ကို ပေါ်လွင်စေကြောင်း၊ အလားတူ စိတ်ဓာတ်ဖြင့်ပင် မိမိကလည်း ပြန်လည်ဆွေးနွေးလိုပါကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှု၌ အားလုံးပါဝင်မှုသည် အရေးကြီးသည်ကို ပြောကြားလိုပါကြောင်း၊ ဤလုပ်ငန်းစဉ်များအပေါ် ပြည်တွင်းပြည်ပမှ ယုံကြည်မှုမရှိပါက အစိုးရအနေဖြင့် ဆန္ဒခံယူပွဲကျင်းပခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ အချိန်ဇယားများ ကြေညာခဲ့ခြင်းကဲ့သို့ လေးလေးနက်နက်ချမှတ်ခဲ့သည့် ခြေလှမ်းများကို ထိခိုက်စေမည်ဖြစ်ကြောင်း၊ ပထမမေးခွန်းအနေဖြင့် ဆန္ဒခံယူပွဲကို မေလအတွင်း မည်သည့်ရက်တွင် ပြုလုပ်မည်ကို သိလိုကြောင်း၊ တစ်ရက်တည်းနှင့်အပြီးလုပ်ရန် ရှိ၊ မရှိ သိလိုကြောင်း၊ ဒုတိယမေးခွန်းမှာ သဘောတူ၊ မတူ မဲပေးရန်အတွက် မည်သို့ဖော်ပြရေးသားထားသည်ကို သိလိုကြောင်း၊ ဆန္ဒခံယူပွဲအတွက် မည်ကဲ့သို့ ကြိုတင်ပြင်ဆင်ထားသည်ကိုလည်း သိလိုပါကြောင်း၊ သတင်းအချက်အလက်များ ထုတ်ပြန်လျက် အခြေခံဥပဒေမူကြမ်းကို အများသိရှိရေး ဆောင်ရွက်ထားမှုကိုလည်း သိလိုကြောင်း၊ မဲပေးပုံနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိအောင် တိုက်ရိုက်ရှင်းလင်းမှုများ ပြုလုပ်ရန် အစီအစဉ် ရှိ၊ မရှိကိုလည်း သိလိုကြောင်း၊ လွတ်လပ်၍ တရားမျှတသောရလဒ်ပေါ်ထွက်လာရေးအတွက် လိုအပ်သည့်အခြေအနေများလည်း ရှိရမည်ဟု ထင်မြင်ပါကြောင်း ပြောကြားသည်။

ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြပြီးဖြစ်

ဆက်လက်၍ ဦးသောင်းညွန့်က ပြန်လည်ဖြေကြားရာတွင် **ဥပဒေတွင် ဆန္ဒခံယူပွဲ ကျင်းပမည့်ရက်ကို ၂၁ရက် ကြိုတင်အသိပေးမည်ဟု ဥပဒေ၏ ပုဒ်မ ၄(က)တွင် ပြဋ္ဌာန်းထားပါကြောင်း၊ ကော်မရှင်အဖွဲ့အဆင့်ဆင့်မှ ကြိုတင်လုပ်ဆောင်ဖွယ်ရာများ ဆောင်ရွက်နိုင်ရန် ၂၁ရက် အချိန်ကြိုတင်ယူခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံများ သောင်းနှင့်ချီရှိမည်ဟု ခန့်မှန်းကြောင်း၊ လမ်းပန်းဆက်သွယ်ရေး မလွယ်ကူသည့် ဒေသများရှိပါကြောင်း၊ တစ်ရက်တည်းနှင့် အပြီးလုပ်မည်ဖြစ်ကြောင်း၊ အခြေခံဥပဒေကို သတင်းလောကတွင် ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြပြီးဖြစ်ကြောင်း၊ ဆန္ဒခံယူပွဲဥပဒေကို အသေးစိတ်အချက်အလက်များပါဝင်သည့် နည်းဥပဒေဖြင့်လည်း ဖြည့်စွက်ရှင်းလင်းထားပါကြောင်း၊ ၂၁ရက်**

မတ် ၈ရက်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်ရွှေ ခေါင်းဆောင်သောအဖွဲ့တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကြစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အချိန်ကာလတွင်လည်း ပိုမိုသိရှိနားလည်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ လက်စွဲစာအုပ်တွင်လည်း ရွေးကောက်ပွဲတွင် တာဝန်ယူမည့် မဲရုံမှူး၊ မဲရုံတာဝန်ခံတို့မှ ပြည်သူများအား ရှင်းလင်းရမည့် အချက်များကို ဖော်ပြထားပါကြောင်း၊ မိမိအထက်တွင် ရှင်းပြသကဲ့သို့ ဤအခြေခံဥပဒေမူကြမ်းကို ၁၉၉၃ ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ အမျိုးသားညီလာခံမှ သဘောတူချမှတ်ခဲ့သည့် အခြေခံမူများကို အခြေခံလျက် ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ၎င်းအခြေခံမူများကို သတင်းစာများတွင်လည်း ဖော်ပြပြီးဖြစ်ကြောင်း၊ စိတ်ပါဝင်စားသည့်ပြည်သူများအနေဖြင့် ကောင်းစွာလေ့လာသိရှိပြီးဖြစ်ကြောင်း၊ စာတတ်သည့်လူတိုင်း နားလည်အောင် ရှင်းလင်းရေးသားထားခြင်းကြောင့် အထူးရှင်းပြရန် မလိုကြောင်း၊ ရေဒီယို၊ တယ်လီဗီးရှင်းထဲမှာလည်း အသိပေးမှုများပြုလုပ်နေကြောင်း ပြောကြားသည်။

ထို့နောက် မစ္စတာဂမ်ဘာရီက အခြားမိမိပြောကြားလိုသည့်အချက်မှာ သက်ဆိုင်သူအားလုံး ပါဝင်ရေးဖြစ်ကြောင်း၊ ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ မဲပေးခွင့်မရှိခြင်းနှင့် အချို့သောပုဂ္ဂိုလ်များမဲပေးခွင့်၊ ရွေးချယ်ခံပိုင်ခွင့်မရှိခြင်းတို့နှင့် ပတ်သက်၍ အဆွေတော်၏သဘောထားကိုသိလိုပါကြောင်းမေးမြန်းရာ ဦးသောင်းညွန့်က ဆန္ဒခံယူပွဲဆိုင်ရာဥပဒေတွင် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်းမဲပေးခွင့်ရှိစေရန်၊ မဲစာရင်းများကို တိတိကျကျဖြစ်စေရန်ပြဋ္ဌာန်းထားကြောင်း၊ မဲပေးခွင့်မရှိသူများဆိုင်ရာပြဋ္ဌာန်းချက်မှာလည်း အသစ်ပြဋ္ဌာန်းခြင်းမဟုတ်ဘဲ ယခင်ကတည်းကရှိပြီးဖြစ်ကြောင်း၊ ၁၉၇၃ခုနှစ် ဆန္ဒခံယူပွဲဥပဒေတွင် ပါဝင်ခဲ့ကြောင်း၊ ၁၉၄၇ခုနှစ်၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟောင်းများတွင် ဤပြဋ္ဌာန်းချက်များပါရှိပြီး ဤမူများကိုအခြေခံမူများချမှတ်ရာတွင် ဆက်လက်ချမှတ်ကာ ယခုအခြေခံဥပဒေမူကြမ်းတွင်လည်း ဆက်လက်ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ ဤကိစ္စသည် အချုပ်အခြာအာဏာပိုင်ခွင့်အတွင်း ကျရောက်ပါကြောင်း ပြန်လည်ဖြေကြားသည်။

စိစစ်ဆုံးဖြတ်

ဆက်လက်၍ မစ္စတာဂမ်ဘာရီက အချုပ်အခြာအာဏာပိုင်ခွင့်အတွင်းကျရောက်သည့်ကိစ္စဖြစ်သည်ကို နားလည်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီရမည်ဟု ယူဆပါကြောင်း၊ မိမိသိလိုသည်မှာ တားမြစ်ခြင်းသည် မဲပေးပိုင်ခွင့်အတွက်(သို့)အရွေးချယ်ခံပိုင်ခွင့်အတွက်ဖြစ်သည်ကို သိလိုပါကြောင်း ဆွေးနွေးမေးမြန်းရာ ရွေးချယ်ခံပိုင်ခွင့်သည် မိမိတို့ဆုံးဖြတ်မည့်ကိစ္စ မဟုတ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်သည့်အချိန်တွင် တာဝန်ယူသည့် အဖွဲ့အစည်းမှ စိစစ်ဆုံးဖြတ်ရမည့်ကိစ္စဖြစ်ကြောင်း၊ စိစစ်ဆုံးဖြတ်ချက်အပေါ် သက်ဆိုင်သူက အခြေခံမှ အမြင့်ဆုံးအထိ အယူခံပိုင်ခွင့်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များလည်း ရှိလာနိုင်ပါကြောင်း ဦးသောင်းညွန့်က ဖြေကြားသည်။

ယင်းနောက် မစ္စတာဂမ်ဘာရီက အခြေခံဥပဒေမူကြမ်းအပေါ်ဝေဖန်သူများအား အရေးယူသည်ဟုသတင်းများ ကြားသိရပါကြောင်း၊ အရေးယူမှုများ ရှိမရှိနှင့် မှန်၊ မမှန် သိလိုပါကြောင်းမေးမြန်းရာ ဦးသောင်းညွန့်က ယင်းသတင်းများ မမှန်ကန်ပါကြောင်း၊ ယနေ့အထိ အရေးယူမှုများလည်း တစ်စုံတစ်ရာမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် မစ္စတာဂမ်ဘာရီက လုပ်ငန်းစဉ်များအပေါ် နိုင်ငံတကာမှ ယုံကြည်မှုရရှိလာရေးအတွက် စောင့်ကြည့်လေ့လာသူများ ဖိတ်ကြားရေးကိုပြောကြားလိုပါကြောင်း၊ ပြည်တွင်း/ဒေသတွင်း နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများကို ဖိတ်ကြားခြင်းဖြင့် ဆန္ဒခံယူပွဲသည် လွတ်လပ်၍မျှတမှုရှိသည်ကို သိစေပြီး နိုင်ငံတကာမှ ယုံကြည်မှုရရှိလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

အပြည့်အဝမဲပေးခွင့်ရရှိ

အဆိုပါ ပြောကြားချက်နှင့်ပတ်သက်၍ ဦးသောင်းညွန့်က **အခြေခံဥပဒေအပေါ် ဆန္ဒခံယူပွဲကျင်းပခြင်းသည် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ခွင့်အတွင်း ကျရောက်ကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အပြည့်အဝ မဲပေးခွင့်ရရှိအောင် စီမံဆောင်ရွက်ထားပါကြောင်း၊ ဆန္ဒခံယူပွဲကဲ့သို့ ပြည်တွင်းကိစ္စတစ်ရပ်တွင် ပြည်ပမှပုဂ္ဂိုလ်များ လေ့လာစောင့်ကြည့်သည့် ကိစ္စမျိုးမရှိခဲ့ပါကြောင်း၊ ၁၉၄၇ခုနှစ်၊ ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေများအတွက် ဆန္ဒခံယူပွဲများတွင်လည်း ပြည်ပမှ လေ့လာစောင့်ကြည့်ခဲ့သည်များ မရှိပါကြောင်း** ပြောကြားသည်။

ဆက်လက်၍ မစ္စတာဂမ်ဘာရီက ဆန္ဒခံယူပွဲအား ပြည့်ပြည့်စုံစုံ စီစဉ်ထားမှုအပေါ် အဆွေတော်တို့ဘက်မှ ယုံကြည်မှု အပြည့်ရှိသည်ကို သံသယမရှိပါကြောင်း၊ လေ့လာစောင့်ကြည့်သူဆိုရာတွင် ပြည်ပမှလာရမည်ဟု မဆိုလိုပါကြောင်း၊ ဆန္ဒခံယူပွဲ၊ ရွေးကောက်ပွဲတို့နှင့်ပတ်သက်၍ နည်းပညာပိုင်းဆိုင်ရာ အကူအညီများလိုအပ်ပါက ကုလသမဂ္ဂမှ ကူညီရန်အသင့်ရှိပါကြောင်း ပြောကြားရာ ဦးသောင်းညွန့်က အကူအညီပေးအပ်လိုသည်ကို မှတ်သားထားပါကြောင်း၊ မိမိတို့တွင် လုံလောက်သည့်အတွေ့အကြုံများရှိပါကြောင်း ပြန်လည်ရှင်းလင်းပြောကြားသည်။

တစ်နိုင်ငံလုံးကိုယ်စားပြု

ယင်းနောက် ဒေါက်တာထွန်းရှင်က ဖြည့်စွက်ဆွေးနွေးရာတွင် **၁၉၉၃ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ ပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံရေးပါတီများနှင့် အစုအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များသည်လည်းကောင်း၊ ၂၀၀၄ခုနှစ်မှ ၂၀၀၇ခုနှစ်အထိ ဆက်လက်ပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံ၌ တက်ရောက်ခဲ့သည့် အလားတူ ကိုယ်စားလှယ်များသည်လည်းကောင်း အစိုးရမှရွေးချယ်ခဲ့သည့် ကိုယ်စားလှယ်များမဟုတ်ဘဲ သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ အစုအဖွဲ့များမှ ၎င်းတို့၏သဘောဆန္ဒအလျောက် ရွေးချယ်စေလွှတ်ခဲ့သည့် ကိုယ်စားလှယ်များဖြစ်ကြောင်း၊ ၎င်းတို့သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုရွေးချယ်စေလွှတ်ခဲ့ခြင်းဖြစ်သည့်အတွက် ပါဝင်သင့်သူအားလုံး ပါဝင်ပြီးဖြစ်သည့် လုပ်ငန်းစဉ်ဖြစ်ကြောင်း**ဖြင့် ပြောကြားသည်။

မစ္စတာဂမ်ဘာရီက ယခုကဲ့သို့ အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့ပြီး ညနေ ၃ နာရီ မိနစ် ၂၀ တွင် တွေ့ဆုံဆွေးနွေးမှုပြီးဆုံးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွက်
၉-၃-၂၀၀၈ ရက်နေ့
နှင့်
၃၀-၃-၂၀၀၈ ရက်နေ့

မြို့နှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၆ ရက် နေ့လယ်ပိုင်းတွင် ပျော်ဘွယ်မြို့သို့ရောက်ရှိပြီး ပျော်ဘွယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်ပြီးစီးသည့် မြို့ရေပေးရေးလုပ်ငန်းများနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေအား ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် အမှုဆောင်အရာရှိက ၂၀၀၇–၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် မြို့ပြနှင့်ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ လျာထားဆောင်ရွက်ပြီးစီးမှု အခြေအနေကိုတင်ပြရာ ဒုတိယဝန်ကြီးက မြို့ရေပေးရေးလုပ်ငန်းအား စနစ်တကျ Master Plan ရေးဆွဲဆောင်ရွက်ရန်နှင့် မြို့သို့ပေးဝေသည့် သောက်သုံးရေ၏ ရေအရည်အသွေးကို အမြဲစိစစ်မှတ်တမ်းပြုစုရန်နှင့် မြို့ရေပေးရေးပြင်ဆင်ထိန်းသိမ်းမှုအား နှစ်စဉ် စီမံချက်ရေးဆွဲဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

စစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မင်းကျောင်းရပ်ကွက်ရှိ တစ်နာရီ ဂါလန်၅၀၀၀ထွက်ရှိသည့် အမှတ်(၃) စက်ရေတွင်းရှိ ရေစက်ရုံ၊ဂါလန် ၄၀၀၀၀ဆံ့ မြေစိုက်ရေလှောင်ကန်နှင့် ဂါလန်၇၂၀၀ဆံ့ စင်မြင့်ရေလှောင်ကန်အား စစ်ဆေးခဲ့သည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် အလှူရှင် လှူဒါန်းငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သည့် မင်းလမ်း(တောင်)ကျေးရွာ စက်ရေတွင်းပြင်ဆင်ထိန်းသိမ်းထားရှိမှုအား စစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အလုံမြို့နယ် ဗဟိုလမ်း မြန်မာ့မီးရထားအရာရှိ ရိုပ်သာနေ ဦးသိန်းထွန်း – ဒေါ်ခင်ခင်၊ ဦးမျိုးမြင့် – ဒေါ်ဝင်းဝင်းထွန်း၊ ဦးဝင်းနိုင်–ဒေါ်သူသူထွန်း၊ မကျော့ကေခိုင်၊ မအေးစန္ဒာဖြိုး မိသားစုတို့က ဘိုးဘွားဆောင် အဆောက်အအုံသစ်ကြီးအတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သန့်လေးသန့် ပညာပေးသီချင်းပြိုင်ပွဲ ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

ရေသန့် ၊ အစာသန့်၊ လက်သန့်၊ အိမ်သာသန့်ဟူသော သန့်လေးသန့်ကိုအခြေပြု၍ အသက်(၅–၉) နှစ်အရွယ် ကလေးငယ်များကို အခြေခံကျန်းမာရေးနှင့် ညီညွတ်သော အမူအကျင့်များ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက သန့်လေးသန့် စီမံချက်မှ ပညာပေး သီချင်းပြိုင်ပွဲအတွက် ဆုပေးပွဲ အခမ်းအနားကို မတ် ၉ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရန်ကုန်တိုင်း ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Grand Plaza Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ ဆုရသီချင်းများကို ယင်းနေ့ အခမ်းအနား၌ ကြေညာ၍ ဆုချီးမြှင့်မည်ဖြစ်သဖြင့် လျှောက်လွှာတင်သွင်းဝင်ရောက် ယှဉ်ပြိုင်သူများ အားလုံး မပျက်မကွက် တက်ရောက်ကြရန် သက်ဆိုင်ရာက ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သန်လျင် ဗိုလ်ချုပ်ရွာ သုဓမ္မာကျောင်းတိုက် သင်္ကြန်တရားစခန်း

ရန်ကုန် မတ် ၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာ သုဓမ္မာကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲအမှတ်(၅၀၈)၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ ခြောက်ထပ်ကြီးကျောင်းတိုက် သဒ္ဓမ္မဝံသကျောင်း ဘဒ္ဒန္တဝရဉာဏကမ္မဋ္ဌာနာစရိယ ဆရာတော်နှင့် မဟာသဒ္ဓမ္မကထိကဆရာကြီးဦးကျော်နိုင်(မန္တလေး) တို့က ဧပြီ၁၀ ရက်မှ ၁၆ ရက် (သင်္ကြန်အတက်)အထိ ခုနစ်ရက် အဓိဋ္ဌာန်စခန်းပွဲကို ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင် တရားအားထုတ်လိုသော ယောဂီများ ဖုန်း–၀၅၆–၂၁၉၅၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ပရိဘောဂပြပွဲ– ၂၀၀၈ ယနေ့ နောက်ဆုံးနေ့အဖြစ် ပြသမည်

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များ အသင်းက ကြီးမှူးကျင်းပလျက်ရှိသော မြန်မာ့ပရိဘောဂပြပွဲ ၂၀၀၈–ကို အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်သည့် ယနေ့တွင် ရက်တိုးမြှင့်၍ ဆဋ္ဌမမြောက်နေ့အဖြစ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ပြသလျက်ရှိရာ လာရောက်ကြည့်ရှုလေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။

ယင်းပြပွဲကို မတ် ၉ ရက် (ယနေ့) **တွင် သတ္တမမြောက်နှင့် နောက်ဆုံးနေ့အဖြစ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ကြည့်ရှုလေ့လာဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၉–၃–၂၀၀၈ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	ဝမ်ပုံရေလှောင်တမံ
၈:၁၅	၇။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀	၈။	International News
၈:၄၅	၉။	Say it in English
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂:၀၅	၅။	မြန်မာဗီဒီယိုဇာတ်လမ်း **ညို့ချက်ပြင်းတယ်** မင်းမော်ကွန်း၊ ပိုင်ဇေရဲထွန်း၊ နန္ဒာလှိုင်၊ ကြည်လဲ့လဲ့ဦး (ဒါရိုက်တာ–ဝင်းထွန်းထွန်း)
၁၃:၅၀	၆။	အတီးပြိုင်ပွဲ
၁၄:၀၀	၇။	တေးဂီတအစီအစဉ်
၁၄:၁၀	၈။	အကပြိုင်ပွဲ
၁၄:၂၅	၉။	**သတိနဲ့ယှဉ် အသိနဲ့ပြင်** (အပိုင်း–၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျှန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြည်ဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၄:၃၅	၁၀။	စလင်းချောင်းတံတား
၁၄:၄၅	၁၁။	International News
၁၅:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သမိုင်းအထူးပြု) [သမိုင်း]
၁၇:၀၀	၅။	တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၄ခုနှစ်)
၁၇:၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၂၅	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	သီးနှံစိုက်ပျိုးအထွက်တိုး (စားသုံးဆီဖူလုံဖို့ နေကြာ အထွက်တိုးအောင်စိုက်ကြစို့)
၁၈:၄၀	၁၁။	တေးဂီတအစီအစဉ်
၁၈:၅၅	၁၂။	(၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၉:၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့အားမာန်** (အပိုင်း–၂၀) [ဇာတ်သိမ်းပိုင်း]
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း–၈)
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

အမျိုးသမီး သက်မွေး အတတ်ပညာသင်ကျောင်းရှိ အမျိုးသမီးလေးများ၏ အိမ်တွင်းမှုလုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုအားပေးစဉ်။ (က–ပ)

စေတနာ လူမှုဝန်ထမ်းအရာရှိ သင်တန်းသားများ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၌ လေ့လာ

ရန်ကုန် မတ် ၈

မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းအတတ်သင်သိပ္ပံ စေတနာ လူမှုဝန်ထမ်းအရာရှိ သင်တန်းအမှတ်စဉ် (၆)တွင် တက်ရောက်လျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီအသင်း၊ အရန်မီးသတ်တပ်ဖွဲ့တို့မှ သင်တန်းသားသင်တန်းသူ၁၆ဦးတို့သည် တာဝန်ခံဆရာမနှစ်ဦး၏ ဦးဆောင်မှုဖြင့် ယနေ့ နံနက်၉နာရီခွဲတွင် နတ်မောက်လမ်းရှိ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်းသို့ သွားရောက်လေ့လာကြရာ ဒုတိယကျောင်းအုပ်ကြီး ဒေါ်တင်အောင်က သင်တန်းကျောင်း လုပ်ငန်းစဉ် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အားပေး

ထို့နောက် သင်တန်းကျောင်းမှ အမျိုးသမီးလေးများ၏ အိမ်တွင်းမှုလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

နံနက်၁၀နာရီမိနစ်၄၀တွင် ကမ္ဘာအေး လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြပြီးဒုတိယကျောင်းအုပ်ကြီး ဦးကြီးမြင့်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကျောင်းမှ ဝန်ထမ်းများက အကျွေးအမွေးများဖြင့် တည်ခင်းဧည့်ခံသည်။ ထို့နောက် သင်တန်းကျောင်းရှိ လူငယ်လေးများအား တွေ့ဆုံနှုတ်ဆက်စကား ပြောကြားပြီးမွန်းတည့်၁၂နာရီတွင် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် လူမှုဝန်ထမ်း အတတ်သင်သိပ္ပံသို့ ပြန်လည်ရောက်ရှိသည်။ **(က–ပ)**

ဒဿနိကဗေဒ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၈

ဒဿနိကဗေဒဌာန၌ ငါးနှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၅)နှစ်ပြည့်ပြီးသည့် ဆရာဆရာမကြီးများအား စတုတ္ထအကြိမ် ပူဇော်ကန်တော့ပွဲကို မတ် ၁၅ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးမြင့်ဦး(၁၉၆၆)ဖုန်း– ၃၈၅၈၂၉၊ ဦးမြင့်ကြည် (၁၉၆၇)ဖုန်း– ၂၅၃၁၉၈၊ ဦးသန်းအောင် (၁၉၆၈)ဖုန်း– ၇၂၃၇၂၄၊ ဦးခင်မောင်ချို(၁၉၆၉)ဖုန်း–၅၀၂၄၃၂၊ ဦးကြည်ဝင်း(၁၉၇၀)ဖုန်း– ၅၀၄၉၆၂၊ ဦးဝဏ္ဏ (၁၉၇၀)ဖုန်း– ၅၇၉၂၄၄၊ ဦးကျော်မြင့် (၁၉၇၁)ဖုန်း– ၃၈၄၇၅၀၊ ဦးမြင့်ဆွေ (၁၉၇၈)ဖုန်း– ၀၉–၅၁–၁၁၄၁၀၊ ဦးအုန်းစိန် (၁၉၇၉) ဖုန်း–၀၉–၅၃–၀၁၇၉၅ နှင့် ဒေါ်ခင်သန်းညွန့် (၁၉၈၇) ဖုန်း– ၀၉–၅၀–၄၆၈၂၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မူးယစ်ကင်းစင် အလှဆင်

မန်ယူနှင့်ချယ်လ်ဆီး ကံတူအကျိုးပေး အက်ဖ်အေဖလား စွန့်လွှတ်ကြရပြီ

လန်ဒန် မတ် ၈

အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပွဲစဉ်များကို မတ် ၈ ရက်က ယှဉ်ပြိုင်ကစားရာ နာမည်ကြီးမန်ယူတို့ အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ ပယ်နယ်တီဖြင့် ပို့စ်မောက်ကို တစ်ဂိုး–ဂိုးမရှိ ရှုံးနိမ့်ခဲ့ရာ ဖာဂူဆန် အက်ဖ်အေဖလားကို လက်လွှတ်ခဲ့ရသလို မန်ယူ ပရိသတ်လည်း ထိခိုက်ခံစားခဲ့ရသည်။

အက်ဖ်အေဖလားကိုရယူရန် ဆန္ဒပြင်းပြနေသော မန်ယူသည် အိုးထရက်ဖို့ဒ်၌ ကစားရသောပွဲတွင် အဓိကကစားသမားများဖြစ်သော တီဗက်ဇ်၊ ရွန်နေ၊ စီရိုနယ်ဒို၊ နာနီ၊ ပေါစခိုးလ်၊ ဟားဂရေ့ဗ်စသည့် ဘောလုံးသမားများကို အကုန်ထုတ်သုံးခဲ့သည်။

မန်ယူတိုက်စစ်မှူးတီဗက်ဇ် (ဝဲ) **ထိုးဖောက်ဂိုးသွင်းမှုကို ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်း ဤသို့ကာကွယ်ခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

မန်ယူတို့က ပွဲစသည်နှင့် ဖိကစားခဲ့ရာ ပို့စ်မောက်ဘက်သို့ ၁၉ကြိမ် ထိုးဖောက်ဂိုးသွင်းခွင့်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် ကိုးကြိမ် ရရှိခဲ့သည်။ သို့သော် စီရိုနယ်ဒို၊ တီဗက်ဇ်နှင့် ရွန်နေတို့၏ ကန်သွင်းချက်များ မသေချာမှုကြောင့် ဂိုးမရရှိခဲ့ခြင်းလည်းဖြစ်သည်။ ပွဲချိန်၁၈မိနစ်၌ တန်ပြန်တိုက်စစ်မှ တစ်ဆင့် ရွန်နေနှင့် တီဗက်ဇ်တို့ အပိုင်ကန်သွင်းခွင့်ရခဲ့သော်လည်း ပို့စ်မောက်ဂိုးသမား ဒေးဗစ်ဂျိမ်း ကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်း၌ မန်ယူ ဂိုးသမား ဗန်ဒါဆား ဒဏ်ရာရရှိခဲ့သဖြင့် အရန်ဂိုးသမား တိုမက်ဇ်ကူးဇက် ဝင်ရောက်ကစားခဲ့သည်။

မန်ယူတို့ ဂိုးမသွင်းနိုင်ဘဲရှိနေရာ ၆၈မိနစ်၌ တီဗက်ဇ်အစား အန်ဒါဆင်၊ ဟားဂရေ့ဗ်အစား ကာရစ်တို့ ဝင်ရောက်ကစားခဲ့သည်။ သို့သော် ပွဲချိန် ၇၆မိနစ်၌ မန်ယူဂိုးသမားကတ်ဇတ်က ပို့စ်မောက်ကွင်းလယ်ကစားသမား ကရန်ကာကို ဆွဲလှဲခဲ့၍ အနီကတ်ပြ အထုတ်ခံရပြီး ပယ်နယ်တီလည်း အပေးခံခဲ့ရသည်။ မန်ယူအတွက်ဂိုးသမားအဖြစ် ဖာဒီနန်က တာဝန်ယူခဲ့ရသည်။ ထိုပယ်နယ်တီကို ပို့စ်မောက်ကွင်းလယ်ကစားသမား မွန်တဲရားက ကန်သွင်းယူခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် မန်ယူတို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းသည်လည်း ဒုတိယကွာတားဖိုင်နယ်ပွဲစဉ်၌ ဘန်စလေကို တစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်သွားခဲ့သည်။



ပရီမီယာလိဂ်ပွဲစဉ် (၂၉)အဖြစ် လီဗာပူးနှင့် နယူးကာဆယ်တို့ ယှဉ်ပြိုင်ကစားရာ နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင် (လယ်) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (အင်တာနက်ဓာတ်ပုံ)

အန်ဖီးလ်၌ လီဗာပူး ဂိုးပြတ်သွင်း

လန်ဒန် မတ် ၈

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ကို မတ် ၈ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အိမ်ကွင်းအန်ဖီးလ်၌ လီဗာပူးတို့ နယူးကာဆယ်ကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။

နယူးကာဆယ်ကို လီဗာပူးတို့ အပေါ်စီးမှကစားနိုင်ခဲ့ပြီး အကြိမ်ကြိမ် ထိုးဖောက်ကစားနိုင်ခဲ့သည်။ မိုက်ကယ်အိုဝင်နှင့် စမစ်တို့ဦးဆောင်သော နယူးကာဆယ်တိုက်စစ်မှူးများက ထိရောက်သော တိုက်စစ်ဆင်မှုမပြုလုပ်နိုင်ခဲ့သဖြင့် ချေပဂိုးမရရှိခဲ့ချေ။ လီဗာပူးအတွက် ဂိုးများကို ၄၂ မိနစ်၌ ပင်းနန့်က ခြောက်ကိုက်အကွာမှ အနီးကပ်ကန်သွင်းပြီး တစ်ဂိုး၊ ၄၅မိနစ်၌ တောရက်စ်က ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အနိမ့်ဘောကန်သွင်းပြီး တစ်ဂိုး၊ ဂျရတ်က ၅၁မိနစ်၌ ၁၈ကိုက်အကွာမှ ညာခြေဖြင့် တိုက်ရိုက်ကန်သွင်းယူခဲ့သဖြင့် လီဗာပူးတို့ သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပရီမီယာလိဂ် ပွဲစဉ် (၂၉) အခြားပွဲရလဒ်များ

ဘလက်ဘန်း	၁–၁	ဖူလ်ဟမ်
ရက်ဒင်း	၂–၀	မန်စီးတီး

ဖောင်ပိတ်သတင်း – မောင်မောင်မြင့်ဆွေ (အင်တာနက်)

နိုင်ငံရေးသမား၊ ပြည်သူ့တာဝန်နှင့် အနာဂတ်အရေး

ကိုဖြောင့်

ကျွန်တော် နိုင်ငံရေးသမားမဟုတ်ပါ။ နိုင်ငံရေးအခြေအနေ အရပ်ရပ်ကို စိတ်ဝင်စားလို့ လေ့လာနေသူမျှသာဖြစ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် လုပ်စရာတွေ အများကြီးရှိမှန်း သိလာတာနဲ့အမျှ ကိုယ့်တိုင်းပြည်တိုးတက်ရေးနဲ့ ပြည်သူလူထုကို အသိပေးသင့်တာ ပေးနိုင်ဖို့ စဉ်းစားရပါတယ်။ အသိတူမှ အလုပ်တူမှာဖြစ်လို့ပါ။ ဒီတော့ သိသင့်သိထိုက်တာကို ဘယ်သူ့ဘက်မှ မျက်နှာမလိုက်ဘဲ အရှိအတိုင်း ပြောရမယ်လို့ ယုံကြည်ထားပါတယ်။ အစိုးရဘက်ကိုလည်း ဘက်မလိုက်ပါ။ အစိုးရကို ဆန့်ကျင်နေသူများဘက်မှလည်း မနေပါ။ မိမိသိထားသမျှအပေါ်မှာ အခြေအနေမှန်အတိုင်း သုံးသပ် တင်ပြနိုင်ဖို့က ဘက်လိုက်တဲ့စိတ် မရှိမှ ဖြစ်မယ်မှန်း သိထားပါတယ်။

၉-၂-၂၀၀၈ ရက် ညပိုင်းမြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကနေ (၁/၂၀၀၈)ကြေညာချက်နဲ့ (၂/၂၀၀၈)ကြေညာချက်နှစ်ခုကို ထုတ်ပြန်ကြေညာသွားပါတယ်။ ပထမကြေညာချက်ကတော့ ပြည်သူတွေနားလည်ထားတဲ့ ဆန္ဒခံယူပွဲကိစ္စဖြစ်ပါတယ်။ ဒုတိယကြေညာချက်ကတော့ ရွေးကောက်ပွဲကိစ္စဖြစ်ပါတယ်။ ကြေညာချက်နှစ်ခုစလုံးကတော့ အတိတ်ကိုပြည်ဖုံးကားချပြီး တိုင်းပြည်နဲ့ပြည်သူအတွက် လက်ရှိလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရာရောက်မယ့် သမိုင်းဝင်ဆောင်ရွက်ချက်များဖြစ်တယ်လို့ ရိုးသားစွာ ယုံကြည်မိပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်ပအသံလွှင့်ချက်တွေကို နားမထောင်ခဲ့တာ လပေါင်းများစွာ ကြာပါပြီ။ အခုတော့ ပြန်နားထောင်မိပါတယ်။ နိုင်ငံတော်အစိုးရရဲ့ ကြေညာချက်(၂)ရပ်နဲ့ ပတ်သက်ပြီး တုံ့ပြန်မှုလေးတွေကို ကြားချင်လို့ပါ။ ထင်တဲ့အတိုင်းပါပဲ၊ ဆန္ဒခံယူပွဲကို မထောက်ခံဖို့၊ ဖျက်ဆီးပစ်ဖို့စတဲ့ ဖျက်လိုဖျက်ဆီး လုပ်ချင်တဲ့ အသံလွှင့်မှုတွေကိုသာ ဦးစားပေးလွှင့်ထုတ်တော့တာပါပဲ။ နားကြားပြင်းကပ်တယ်ဆိုပြီး ဒီတစ်ခါတော့ ပိတ်မပစ်တော့ပါဘူး။ သေချာနားထောင်ပါတယ်။ အကြောင်းရှိလို့ပါ။ နိုင်ငံရေးသမားတွေဟာ အပြောတစ်မျိုး၊ အလုပ်တစ်မျိုးက များပါတယ်။ ဒီတော့ သေချာနားထောင်ထား၊ အသံဖမ်းထား၊ မှတ်တမ်းတင်ထားမှ ဖြစ်တော့မှာမို့ပါ။ နို့မို့ဆိုရင် သူတို့ထုံးစံအတိုင်း ပြည်သူ့မျက်နှာကိုမငဲ့ဘဲ လုပ်ချသွားပြီး နောင်ကျမှ သူတို့မလုပ်ရပါဘူး၊ သူတို့ပြောခဲ့တာမဟုတ်ဘူးဆိုပြီး ငြင်းလို့မရအောင် လို့ပါ။

၁၉၉၆ ခုနှစ်ကို မှတ်မိကြဦးမယ် ထင်ပါတယ်။ Visit Myanmar Year ပါ။ အဲဒီနှစ်မှာ ကမ္ဘာလှည့်ခရီးသွားတွေကို မြန်မာပြည် မလာကြနဲ့လို့ ပုဂ္ဂိုလ်တစ်ဦးက ပြောခဲ့ပါတယ်။ ဒီစကားတွေရဲ့ သက်ရောက်မှုကြောင့်ပဲ ၂၀၀၃ခုနှစ်မှာ ပြည်ပကလာရောက်ရင်းနှီးမြှုပ်နှံထားတဲ့ စက်ရုံတွေ၊ ကုမ္ပဏီတွေအများကြီး ပိတ်သိမ်းပြီး မြန်မာပြည်ကနေထွက်ခွာသွားခဲ့ကြပါတယ်။ Sanction လို့ ခေါ်တဲ့ စီးပွားရေးပိတ်ဆို့မှု ခံရတာကြောင့်ပါ။ ပြည်သူလူထုအနေနဲ့ စီးပွားရေးပိတ်ဆို့မှုဒဏ်တွေကို အလူးအလဲခံလာရပြီး မကျေမနပ်တွေဖြစ်လာတော့မှ သူတို့မလုပ်ပါဘူးလို့ ငြင်းကြပါတယ်။

အခုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မထောက်ခံဖို့ ပြောလာပြန်ပြီ။ အခုလိုပြောလာတာကို မပြောနဲ့လို့ မတားနိုင်သော်လည်း ကိုယ့်စကားကိုတော့ ကိုယ်တာဝန်ယူရမယ်လို့ ပြတ်ပြတ်သားသား ကြိုပြောထားပါရစေ။ ကျွန်တော်တို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ဖြစ်ဖို့ ကြိုးစားပါဝင် ဆောင်ရွက်သွားမှာပါ။ ပြည်သူများအနေဖြင့်လည်း အရှိကိုအရှိအတိုင်း သုံးသပ်ကြည့်ပါ။ ၁၈-၉-၁၉၈၈ ရက်နေ့ကနေ ဒီကနေ့အထိ ကျွန်တော်တို့ဟာ တပ်မတော်အစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ အမှန်တကယ်ရှိနေတာပါ။ တပ်မတော်အစိုးရ အုပ်ချုပ်နေတာကို ပြည်သူ့ဒီမိုကရေစီအုပ်ချုပ်ရေးနဲ့ အစားထိုးနိုင်မှာက ဖွဲ့စည်းပုံအခြေခံဥပဒေသာဖြစ်ပါတယ်။ ဒါကိုနားမလည်ဘဲ ရလာတဲ့ အခွင့်အရေးတစ်ရပ်ကို ပစ်ပယ်လိုက်မယ်၊ ဖျက်ဆီးလိုက်မယ်ဆိုရင် ခုအတိုင်းပဲ ဆက်နေရပါလိမ့်မယ်။ ကျွန်တော့်အနေနဲ့ကတော့ ရာနှုန်းပြည့်အထိ လိုချင်သော်လည်း ရာနှုန်းပြည့် မရလို့ လုံးဝမယူဘူးလို့ ဆုံးဖြတ်ရင် သုညပဲဖြစ်နေမယ်လို့ ခံစားမိပါတယ်။ ၇၅ ရာနှုန်းပဲရရ ရသလောက်ယူပြီး ၁၀၀ရာနှုန်းပြည့်အောင် တဖြည်းဖြည်း ဖြည့်ဆည်းသင့်တယ်လို့ ယူဆပါတယ်။ ပြည်သူလူထုအနေနဲ့လည်း အဓိကနဲ့ သာမညကို ခွဲခြားသိမြင်ကြပါလို့ အကြံပြုအပ်ပါတယ်။

အတိတ်ကိုမေ့ပစ်ပြီး အနာဂတ်ကောင်းရာကောင်းကြောင်းကိုသာ ညီညီညွတ်ညွတ်လုပ်ကြရင် အလွန်ကောင်းမှာပဲလို့ ဆန္ဒတစ်ခုဖြစ်ပေါ်လာမိပါတယ်။ ဒါပေမယ့် လွယ်လွယ်နဲ့ ညီညွတ်ရမယ့်အချိန်တွေကို ကျော်လွန်ပြီး ခက်ခဲတဲ့အဆင့်ကို ရောက်နေတာမို့ မမျှော်လင့်ရဲတော့ပါဘူး။ ဘယ်သူလုပ်နိုင်သလဲ၊ ဘယ်သူလုပ်နေသလဲ ဆိုတာကို ကြည့်ပြီး အားပေးဖို့သာ ပြင်ထားရပါတယ်။ အတိတ်ကိုတော့ မလွမ်းချင်တာ အမှန်ပါ။ ဒါပေမယ့် အတိတ်ကိုတမ်းတနေသူများက နောက်ပြန်ဆွဲနေတာမို့ ပြည်သူလူထုအနေနဲ့ ရှေ့သို့မဖြစ်ဘဲ နောက်သို့ဆိုတာမျိုး ဖြစ်မှာ စိုးရိမ်မိပါတယ်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးမှာ အခြေခံဥပဒေရေးဆွဲရေးတာဝန်ဟာ ရွေးချယ်ခံကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်သွားပါတယ်။ အဲဒီတာဝန်ကိုအလွဲသုံးစားပြုပြီး အာဏာအရင်လွှဲပေးပြီးမှ အခြေခံဥပဒေရေးဆွဲမယ်လုပ်လို့ လက်လွတ်ဆုံးရှုံးသွားတာလို့ပဲ ယူဆပါတယ်။ ပြည်သူလူထုလည်း နစ်နာခဲ့ရပါတယ်။ ဒါပေမယ့် အရည်အချင်းမရှိတဲ့ နိုင်ငံရေးသမားတွေလက်ထဲ တိုင်းပြည်ကို ဝကွက် မအပ်လိုက်ရတာပဲ ကံကောင်းသလို ဖြစ်ရပါတယ်။

တစ်ချိန်တည်းမှာပဲ မြန်မာ့ပြည်တွင်းရေး မပြေလည်မှုအပေါ် အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံကြီး တချို့က ဝင်ရောက်စွက်ဖက်လာပါတယ်။ ဒါကြောင့်ပဲ မြန်မာနိုင်ငံသားတွေ စီးပွားရေးပိတ်ဆို့မှုခေါ်တဲ့ စီးပွားရေးအရ တိုက်ခိုက်မှုကို ခံလိုက်ရပါတော့တယ်။ အစိုးရကို ဦးတည်လုပ်တာပါလို့ အသံကောင်းဟစ်ပေမယ့် တစ်နိုင်ငံလုံး အခက်အခဲဖြစ်ကြရတာပါ။ နိုင်ငံရေးသမားများရဲ့ စနက်ကြောင့်ဖြစ်ပါတယ်။ သူတို့ အာဏာင်န်းဖမ်းမှုကြောင့်ပဲ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူလူထုကို မစာနာဘူးဆိုတာတော့ ထင်ရှားနေပါတယ်။ ခုချိန်ထိလည်း စီးပွားရေးပိတ်ဆို့ထားတာကို ပြန်ရုပ်သိမ်းပေးပါလို့ တောင်းဆိုပေးမယ့် နိုင်ငံရေးသမား တစ်ယောက်မှ မရှိပါဘူး။ နားမလည်လို့ မတောင်းဆိုမိတဲ့သူတချို့ကို အပြစ်မပြောရက်ပေမယ့် သိသိကြီးနဲ့ တောင်းဆိုမပေးတဲ့ နိုင်ငံရေးသမားတွေကိုတော့ သမိုင်းတရားခံတွေအဖြစ် မှတ်တမ်းတင်ရပါလိမ့်မယ်။ နိုင်ငံရေးသမားကြီးများ အနေနဲ့လည်း လက်တွဲ ပါဝင်စေချင်ပါတယ်။ ငါတို့နဲ့ မဆိုင်ဘူး၊ မပါဘူး၊ တောင်းဆိုမပေးနိုင်ဘူးလို့ အဖြေပေးမလား၊ ဒါမှမဟုတ် ဒို့လည်းပါမယ်ဟေ့လို့ အဖြေပေးမလား၊ ပြည်သူတို့အနေနဲ့ မှတ်တမ်းတင်ဖို့သာ ပြင်ထားကြပါတော့လို့ ပြောရပါလိမ့်မယ်။

ဒီတော့ ပြည်သူအများသတိထားရမှာက အမြော်အမြင်ကောင်း၊ အရည်အချင်းကောင်းတွေရှိတဲ့ နိုင်ငံရေးသမား၊ ပြည်သူကိုစာနာတတ်တဲ့၊ ခုတုံးမလုပ်တတ်တဲ့ နိုင်ငံရေးသမားတွေကို ရှာဖွေမြှောက်စား ပေးရပါလိမ့်မယ်။ ဒါမှမဟုတ် ကိုယ်တိုင်ကြိုးစားသင့်က ကြိုးစားစေလိုပါတယ်။ နိုင်ငံရေးသမားတစ်ယောက်ဟာ ပထမဆုံးအနေနဲ့ နိုင်ငံအပေါ် စီးပွားရေးနဲ့ အခြားပိတ်ဆို့ထားမှုတွေ ရုပ်သိမ်းပေးဖို့ ပြည်သူလူထုနဲ့ အတူပါဝင် တောင်းဆိုပေးခြင်း ရှိ၊မရှိ အကဲဖြတ်ရပါမယ်။ ဒုတိယကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်လိုဖျက်ဆီး လုပ်မလုပ်ဆိုတာနဲ့ တိုင်းတာရပါမယ်။ **ဒီမိုကရေစီစနစ်ဖြစ်ပေါ်ဖို့ အခြေခံအကျဆုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးပါတီတွေ ထူထောင်ရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ စည်းကမ်းကျနစွာ ထူထောင်ပြီးပါမှ ရွေးကောက်ပွဲဖြစ်လာနိုင်ပါတယ်။ ရွေးကောက်ပွဲမှတစ်ဆင့် အရပ်သားအစိုးရပေါ်လာမှာ ဖြစ်ပါတယ်လို့ တိုတိုပဲ ပြောပါရစေ။**

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ အနည်းငယ် ပြောချင်ပါတယ်။ ကျွန်တော်တို့အားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖတ်ဖို့၊ လေ့လာဖို့ လိုအပ်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပါမပါဆိုတာကို ကျွန်တော်တို့ပြည်သူတွေ သေချာသိမှ ဖြစ်ပါလိမ့်မယ်။ မသိဘဲနဲ့ ထောက်ခံတာ မလုပ်သင့်သလို ကန့်ကွက်တာလည်း မလုပ်သင့်ပါဘူး။ အလွန်နစ်နာနိုင်ပါတယ်။ ကိုယ်လိုချင်တာတွေ၊ ကိုယ်ဖြစ်ချင်တာတွေ ပါနေပါလျက်နဲ့ သူများမြှောက်ပင့် သွေးထိုးတာကို ယုံစားမှားမိရင် မှားသွားပါလိမ့်မယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်လို့ အနည်းငယ်ပြောချင်ပါတယ်။ ကျွန်တော်တို့အားလုံး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖတ်ဖို့၊ လေ့လာဖို့ လိုအပ်ပါတယ်။ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ပါမပါဆိုတာကို ကျွန်တော်တို့ပြည်သူတွေ သေချာသိမှ ဖြစ်ပါလိမ့်မယ်။မသိဘဲနဲ့ထောက်ခံတာ မလုပ်သင့်သလို ကန့်ကွက်တာလည်း မလုပ်သင့်ပါဘူး။ အလွန်နစ်နာနိုင်ပါတယ်။ ကိုယ်လိုချင်တာတွေ၊ ကိုယ်ဖြစ်ချင်တာတွေ ပါနေပါလျက်နဲ့ သူများမြှောက်ပင့် သွေးထိုးတာကို ယုံစားမှားမိရင် မှားသွားပါလိမ့်မယ်။

ပြီးပြည့်စုံခြင်းဆိုတာမျိုးကိုတော့ မမျှော်လင့်သင့်ပါဘူး။ ကမ္ဘာပေါ်မှာ အကောင်းဆုံးစနစ်၊ ပြီးပြည့်စုံသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မရှိပါဘူး။ နောင်လည်း ရှိမလာနိုင်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်အဖွဲ့ကပဲဆွဲဆွဲ ပြည်သူလူထုလိုချင်တာ ပါနေဖို့သာ အဓိကပါ။ လက်ရှိအခြေအနေမှာတော့ အကောင်းဆုံးလို့ပဲ ပြောရမှာပါ။ လက်ရှိ နိုင်ငံရဲ့ပကတိအခြေအနေအပေါ်မှာ စဉ်းစားသုံးသပ် အဖြေရှာဖို့ ကျွန်တော်တို့ ပြည်သူတွေမှာသာ တာဝန်ကြီးတစ်ရပ် အနေနဲ့ ရှိနေပါတယ်။ ပေါ်လာတဲ့ အခွင့်အရေးကို ပျောက်ပျက်သွားအောင် လုပ်မိရင်တော့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတယ်လို့သာ မှတ်ယူရတော့မှာပါ။

ကျွန်တော်တို့မြန်မာနိုင်ငံသားတိုင်းမှာ ဒီမိုကရေစီရရှိရေးအတွက် အရေးကြီးတဲ့ တာဝန်တွေ ရှိနေပါတယ်။ အဲဒါတွေကတော့ ဒီမိုကရေစီနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ပိတ်ဆို့တားမြစ်မှုများ ဖယ်ရှားပေးဖို့ တောင်းဆိုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ခိုင်ခိုင်မာမာ ပေါ်ထွန်းလာဖို့ အားပေးကူညီရေး၊ ပြည်သူ့အကျိုးကိုသာ အဓိကဖော်ဆောင်ပေးမယ့် နိုင်ငံရေးသမား (သို့မဟုတ်) ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာဖို့ ရွေးချယ်ပေးနိုင်ရေးတို့ပဲ ဖြစ်ပါတယ်။

ခေတ်တိုင်းမှာ ဖောက်ပြန်တတ်တဲ့ နိုင်ငံရေးသမားတွေကသာ လွှမ်းမိုးခဲ့တော့ ပြည်သူက နိုင်ငံရေးသမားတွေအပေါ် သံသယဖြစ်နေတာဟာ အပြစ်ဆိုစရာ မရှိပါ။ ဒါပေမယ့် နိုင်ငံရေးသမား မရှိဘဲနဲ့လည်း တိုင်းပြည်ကို အကောင်အထည်ဖော်လို့ မရပါ။ အတွေးအခေါ်၊ အမြော်အမြင်၊ ကိုယ်ကျိုးစွန့်မှုနဲ့ပြည့်စုံပြီး အကျင့်သီလကောင်းမွန်တဲ့ နိုင်ငံရေးသမားတွေရှိဖို့၊ ပေါ်ပေါက်ဖို့ အဓိကလိုအပ်ပါတယ်။ ပြည်သူအကျိုးကို ဖော်ဆောင်ပေးမယ့် နိုင်ငံရေးသမားကောင်းများ ပေါ်ပေါက်လာရေးဟာ ပြည်သူလူထုမှာသာ အဓိကတာဝန်ရှိကြောင်း မြန်မာပြည်တိုးတက် ကြီးပွားစေလိုသော စိတ်ဆန္ဒဖြင့် ရေးသား အသိပေးလိုက်ရပါတယ်။ ။

9-3-08 (10).pmd 1 3/9/2008, 1:30 AM

ရိုးရာလက်ဝှေ့ အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၂) သူနိုင်ကိုယ်နိုင် (ယနေ့)အပြိုင်ဆင်နွှဲကြမည်

သတင်းမှတ်စုနှင့်ဓာတ်ပုံ - သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - ကြည်ဝင်း

ရန်ကုန် မတ် ၈

မြန်မာ့ရိုးရာ အားကစားအဖွဲ့ချုပ်က ကြီးကြပ်၍ စုပါကွေကာ မြန်မာပြည် ချန်ပီယံ စိန်ခေါ်ပွဲကြီး အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၂)ကို မတ်၉ရက် **(ယနေ့)** မွန်းလွဲ၂နာရီတွင် သုဝဏ္ဏရှိအမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ သူနိုင်ကိုယ်နိုင် အပြိုင်ဆင်နွှဲကြမည် ဖြစ်သည်။

ရွှေဆိုင်း (မြိုင်ကြီးငူ)

လုံးချောနှင့် ထိုးသတ်မည့် ၂၀၀၅ မြန်မာပြည် ချန်ပီယံ ရွှေဆိုင်း (မြိုင်ကြီးငူ)။

လုံးချော

လုံးချော (ညောင်တုန်း)သည် အလွတ်တန်း ထပ်ဆင့် ရွှေခါးပတ် ချန်ပီယံဖြစ်ပြီး ဂျပန်သို့ သုံးကြိမ် သွားရောက်ယှဉ်ပြိုင်ကာ ကရာတေးချန်ပီယံ၊ ကစ်ဘောက်ဆင် ချန်ပီယံများကို အလဲထိုး အနိုင်ယူခဲ့သူဖြစ်သည်။

ရွှေဆိုင်း

၂၀၀၅ မြန်မာပြည် ချန်ပီယံ ရွှေဆိုင်း(မြိုင်ကြီးငူ) ၁၉၉၈ခုနှစ် ကရင်ပြည်နယ်နေ့ ပွဲတော်တွင် အမြင့်ဆုံး အောင်လံဆုကို ရယူပြီး စတင်နာမည် ကျော်ကြားခဲ့သူ တစ်ဦး ဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် ရွှေဆိုင်းသည် မြန်မာပြည်ချန်ပီယံ ဝမ်ချိုင်းကို အလဲထိုးပြီး ချန်ပီယံဘွဲ့ကို သိမ်းပိုက်ခဲ့သူဖြစ်သည်။ စိန်ခေါ်ပွဲများတွင် ရှုံးပွဲမရှိ စံချိန် တင်ထားပြီး လက်ဝှေ့လောကတွင် ခေတ္တအနားယူထားရာမှ မြန်မာ့ရိုးရာလက်ဝှေ့လောကသို့ တစ်ကျော့ပြန်လည် ဝင်ရောက်လာသူ ဖြစ်သည်။

ဒေါ့ဂျစ် (လယ်ယာ/ဆည်မြောင်း) နှင့်ယှဉ်ပြိုင်မည့် စစ်သွေး (ဘီလပ်မြေစက်ရုံ)တို့ ပွဲသည်လည်း ပရိသတ်ရင်ကို ကိုင်လှုပ်သွားစေမည့် ပွဲများဖြစ်သည်။ စစ်သွေးသည် ၂၀၀၄ခုနှစ် CITY FM အောင်လံပွဲတွင် အကောင်းဆုံး လက်ဝှေ့သမား ဆုရရှိထားပြီး ၂၀၀၇ ခုနှစ် ရွှေခါးပတ်ချန်ပီယံ ဖြစ်လာသူ ဖြစ်သည်။

လုံးချော (ညောင်တုန်း)

ရွှေဆိုင်း (မြိုင်ကြီးငူ) နှင့် ယှဉ်ပြိုင်မည့် မြန်မာပြည် ချန်ပီယံ လုံးချော (ညောင်တုန်း)။

စေမည့် စောဂပရေမှူး (တွံတေး)နှင့် ကြယ်တစ်ပွင့် (မြန်မာပြည်သား)၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင်များ ဖြစ်သည့် ရှမဝ (ဒေါင်းမြန်မာ)နှင့် ဝမ်ရှိ (ဘီလပ်မြေစက်ရုံ)၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ရှင်မိုးသီး (မြန်မာပြည်သား)နှင့် သိန်းညီညီ (အလင်းရောင်)၊ အကောင်းဆုံး လက်ဝှေ့သမားဆုရ သိန်းဈာန်(ရက္ခဗျာလ)နှင့် ဂျိုးမတေ (သူရဲကောင်း)၊ မိုက်သဲလေး(ဒေါင်းမြန်မာ)နှင့် ဒေါန (ရွှေလက်ရာ)၊ ပအို့လေး (အလင်းရောင်) နှင့် ကျော်ခေါက် (ဒေါင်းမြန်မာ)၊ စောဇော်မင်း (ရွှေလက်ရာ)နှင့် ဖိုးလုံး (မြန်မာပြည်သား)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း မြန်မာ့ရိုးရာလက်ဝှေ့ ဝါသနာရှင်များအား ကြိုတင်သတင်းစကား ပါးလိုက်ရပါသည်။ ။

ဒေါ်ဂျစ် (လယ်ယာ/ဆည်မြောင်း) နှင့် ရင်ဆိုင်မည့် စစ်သွေး (ဘီလပ်မြေစက်ရုံ)။

စစ်သွေး (ဘီလပ်မြေစက်ရုံ) နှင့် အကြိတ်အနယ်နွှဲမည့် ဒေါ်ဂျစ် (လယ်ယာ/ဆည်မြောင်း)။

ချန်ပီယံမည်သူလဲ

မြန်မာပြည်ချန်ပီယံ လုံးချော (ညောင်တုန်း)နှင့် ၂၀၀၅ မြန်မာပြည် ချန်ပီယံရွှေဆိုင်း(မြိုင်ကြီးငူ)တို့က သုံးကြိမ်ပြိုင်ပွဲအထိ သရေဖြစ်နေ၍ ယခု လေးကြိမ်မြောက် ဆုံတွေ့ပြီး ချန်ပီယံမည်သူလဲဆိုသည်ကို သဲသဲကွဲကွဲ မြင်ကြရမည်ဖြစ်သည်။

စစ်သွေးနှင့်ယှဉ်ပြိုင်မည့် ဒေါ်ဂျစ်သည် နာမည်နှင့်လိုက်အောင် အကြမ်းပတမ်းခံနိုင်ရည်ရှိပြီးလက်သီးတွဲလုံးများ အဆက်မပြတ် လွှတ်တတ်သူတစ်ဦး ဖြစ်သည်။ ပြည်နယ်နှင့်တိုင်း အကောင်းဆုံး လက်ဝှေ့သမားဆုနှင့် ရွှေတံဆိပ် ဆုရရှိထားသူ တစ်ဦးဖြစ်သည်။

ယင်းအတွဲများအပြင် မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်များ အကြိုက်တွေ့

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၀၈
(တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo **ယနေ့အစီအစဉ်**
၇း၀၅ - ၁း၀၅	**'အကိတ္တိဇာတ်တော်'** တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၇း၅၅ - ၁း၅၅	Soccer Update
၈း၁၀ - ၂း၁၀	Sunday Talk မီးဘေးအန္တရာယ် [ဦးဇော်ဝင်း (ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန၊ အောက်မြန်မာပြည်)၊ ဦးပြည့်စိုး (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ လျှပ်စစ်စစ်ဆေးရေးဌာန) ကိုကို (စက်မှုတက္ကသိုလ်)]
၉း၁၀ - ၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ဒေါက်တာချစ်ငယ် (ဒဿန) Ph.D ၏ နိဗ္ဗာန်ဆီသို့ အထူးတရားပွဲ (၃) (နေပြည်တော်ပျဉ်းမနား)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅ - ၄း၀၅	သီးနှံစိုက်ပျိုးအထွက်တိုး (မတ်ပဲအထွက်တိုးစေရာ စိုက်ပျိုးနည်းပညာ)
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ - ၄း၂၅	မြန်မာ့ဆေးဖက်ဝင် အမည်ဆန်း တစ်ပင်တိုင်မြနန်း
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀ - ၅း၁၀	TOYO Battery ၏ စက်ရုံအလည်အပတ် ခရီးစဉ်နှင့် ရောင်းအား အကောင်းဆုံးဆုပေးအပ်ပွဲ အခမ်းအနား
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	Euro Goals
၁၁း၅၀ - ၅း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	လွင်မိုးခရီးသွားနေသည် (အပိုင်း-၇)
၁၂း၂၅ - ၆း၂၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၄၅ - ၆း၄၅	Activities in the City
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Middlesbrough-Cardiff	Star Sports(Live)
၁၂း၂၅	Bristol -West Brom	Star Sports(Live)

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၄	Tottenham-West Ham	ESPN(Live)
၁၀း၂၅	Wigan-Arsenal	Star Sport (Live)

Series- A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Lazio-Livorno	5-Cartoon (Live)
၂း၀၀	Genoa-Juventus	5-Cartoon (Live)

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

အင်္ဂလိပ်စာ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ်၂၁ရက် နံနက်၉နာရီတွင် မြန်မာနိုင်ငံဘဏ်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပါရန်နှင့် ကိုမျိုးမင်းဦး ဖုန်း-၀၉-၉၉-၂၆၂၉၇၊ မခင်လတ်လတ်ထွန်း ဖုန်း-၀၉-၅၁-၁၆၅၄၄၊ မထားအိဝင်း ဖုန်း-၀၉-၅၁-၀၂၆၆၈၊ မပန်းဖြူဖွေး ဖုန်း-၀၉-၉၉-၇၃၄၈၀၊ ကိုဇော်မင်းလွင် ဖုန်း-၀၉-၅၁-၉၆၉၇၂၊ မခိုင်မျိုးဝင်း ဖုန်း-၅၃၇၅၂၀၊ ကိုဇော်ထိုက် ဖုန်း-၀၉-၅၀-၃၁၅၁၉၊ မခိုင်သူဆွေ ဖုန်း-၅၅၅၇၅၄၊ မမေမြတ်သောင်း ဖုန်း-၅၇၀၃၇၂၊ မဝါဝါတင် ဖုန်း-၀၉-၅၁-၃၃၆၂၇၊ မကြည်ကြည်သန့် ဖုန်း-၀၉-၅၁-၈၁၅၂၀၊ မမျိုးမြတ်မွန် ဖုန်း-၃၈၁၇၃၃၊ မသူဇာဝင်း ဖုန်း-၂၄၃၂၆၇၊ ၅၄၀၃၂၆၊ မအိအိဖြိုး ဖုန်း-၅၄၃၅၉၉ နှင့် မကျင်ကျင်ဆွိ ဖုန်း-၀၉-၅၀-၂၆၃၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးဝေသည် ကန့်ဘလူမြို့နယ်ဦးစီးမှူး ဦးဝင်းမောင်လိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ရက်က ကန့်ဘလူမြို့နယ် မြေထူးကျေးရွာရှိ စာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံကာ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်များတိုးပွားရေး၊ ငွေပဒေသာပင် စိုက်ထူရေး၊ စာဖတ်သူနှင့်စာအုပ်ငှားသူများ တိုးပွားရေးတို့ကို ဆွေးနွေးခဲ့သည်။

(ခရိုင် ပြန်/ဆက်)

မြို့သန့်ရှင်းသာယာလှပရေး ကြိုးပမ်း

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အဖွဲ့ပိုင်စည်ပင်ဈေးအတွင်း သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေစီးရေလာ ကောင်းမွန်အောင် ဈေးအတွင်းအပြင် ရေမြောင်းများ ပြန်လည်ပြုပြင် မွမ်းမံခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးထလာဟာရဲ၏ ဦးဆောင်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ဖေဖော်ဝါရီ ၂၅ ရက်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရွှေဘိုခရိုင် ဝက်လက်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖေဖော်ဝါရီ၂၁ရက်က စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဖွင့်လှစ်ပို့ချသည်။ အဆိုပါသင်တန်းတွင် ဝက်လက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်း၊ ဒေါ်နန်းမြင့်(စာထောက်-၃)၊ ဒေါ်စိုးစိုးလှိုင် (ရုပ်/သံ-၃)တို့က စာကြည့်တိုက်ပညာနှင့် သက်ဆိုင်သော ဘာသာရပ်များကို ပို့ချကြသည်။ ယင်းသင်တန်းတွင် ကျေးရွာများမှ သင်တန်းသား ၁၅ဦး တက်ရောက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက် ကျောက်ချောလမ်းခင်း

၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ဒရယ်-ကလွီလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဝေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကြည်တို့က ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

မီးဘေးကာကွယ်တားဆီးရေး ကွင်းဆင်းစစ်ဆေး

အောင်လံမြို့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်နှင့်အဖွဲ့ ဝန်ထမ်းများ၊ ဈေးမိ/ဈေးဖများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မြို့မဈေးကြီးအတွင်းရှိ ရေစုကန်သို့ ရေဖြည့်နေခြင်းအား မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ကျေးရွာ လက်နှိပ်တုံကင် တူးဖော်

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံချက်အရ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ၂၄ရွာတွင် လက်နှိပ်တုံကင် ၃၂၄တွင်း တူးဖော်ပေးရာ ဇန်နဝါရီ၁၂ရက်က ကျွန်းချောင်းကျေးရွာရှိ လက်နှိပ်တုံကင် ရေထွက်ရှိမှုကို တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်း ကွင်းဆင်းစစ်ဆေးသည်။

(မြို့နယ် ပြန်/ဆက်)

သောက်သုံးရေ စနစ်တကျရရှိရေး ဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပွင့်လင်းရာသီတွင် မြို့သောက်သုံးရေ စနစ်တကျရရှိရေးအတွက် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိရာ ကျင်မွာလ်ရပ်ကွက်ရှိ နှစ်လက်မ ပင်မသံပိုက်လိုင်း ပျက်စီးနေမှုကို ပြန်လည် အစားထိုး ပြုပြင်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးထလာဟာရဲ၏ ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာနှင့်အဖွဲ့ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၃ရက်က ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အောင်ပွဲရ မြန်မာဂေါက်သီးရိုက်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ကျင်းပခဲ့သော (၂၃)ကြိမ်မြောက် ဘင်္ဂလားဒေ့ရှ်ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမနှစ်ဆု၊ ဒုတိယနှစ်ဆု၊တတိယတစ်ဆုရရှိခဲ့သော မြန်မာဂေါက်သီးရိုက်အဖွဲ့သည် မတ် ၂ရက် ညက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပထမဆုများကို အမျိုးသားတစ်ဦးချင်း အကျော့ပေးပြိုင်ပွဲတွင် နေဗလဝင်းမြင့်က လေးရက်ပေါင်းရိုက်ချက် ၂၈၉ချက်ဖြင့်လည်းကောင်း၊ အမျိုးသမီးတစ်ဦးချင်း အကျော့ပေးပြိုင်ပွဲတွင် မေလီက နှစ်ရက်ပေါင်းရိုက်ချက် ၁၃၉ ချက်ဖြင့် အသီးသီးရရှိခဲ့ပြီး အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ဘိုဘိုလေးနှင့် နေဗလဝင်းမြင့်အတွဲက နှစ်ရက်ပေါင်း ရိုက်ချက် ၂၉၀ဖြင့် ဒုတိယဆုကို လည်းကောင်း၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ယဉ်မေမျိုးနှင့် မေလီ အတွဲက နှစ်ရက်ပေါင်းရိုက်ချက် ၃၃၅ချက်ဖြင့် ဒုတိယဆုများကို ထပ်မံရရှိခဲ့သည်။ ထို့အပြင် တစ်ဦးချင်း အမျိုးသမီးအကျော့မဲ့ပြိုင်ပွဲ၌ ယဉ်မေမျိုးက နှစ်ရက်ပေါင်းရိုက်ချက် ၁၆၆ချက်ဖြင့် တတိယဆုကို ရရှိခဲ့သည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား၊ မြန်မာ၊ ဘူတန်၊ နီပေါလ်၊ ပါကစ္စတန်နိုင်ငံများမှ အမျိုးသား ၉၅ဦး၊ အမျိုးသမီး ၃၃ဦး စုစုပေါင်း ၁၂၈ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အောင်ပွဲရ မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် သူရဦးဝင်းမြင့်က ခေါင်းဆောင်ပြီး အားကစားသမားများအဖြစ် အမျိုးသားအသင်းတွင် ဘိုဘိုလေး၊ နေဗလဝင်းမြင့်၊ အမျိုးသမီးအသင်းတွင် ယဉ်မေမျိုး၊ မေလီတို့ပါဝင်ကြသည်။ **(အပေါ်ပုံ)** အောင်ပွဲရ အားကစားသမားများအား မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖေဖော်ဝါရီ ၂၉ရက်က ရန်ကုန်တိုင်းသာကေတမြို့နယ် အမက (၃၅) ၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် အတွက် အခြေခံပညာ မူလတန်း အဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲတွင် စတုတ္ထတန်း (က)မှ မောင်ထက်လင်းအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းက ပေးအပ်ချီးမြှင့်စဉ်။

(က-ပ)

ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ဟောပြော

ရန်ကုန် မတ် ၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းရုံးခွဲ(ရွာသာကြီး)မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်အေးလွင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လွင်တို့သည် မတ် ၁ ရက်က ရန်ကုန်မြို့ သိမ်ဖြူကွင်းရှိ ယာဉ်မောင်း သင်တန်းကျောင်းများ၌ သင်တန်းသား၊ သင်တန်းသူ ၈၄ ဦးအား ယာဉ်မောင်းနှင်ခြင်းမပြုမီ စစ်ဆေးရမည့်အချက်များ၊ ကျော်မတက်ရ၊ မရပ်ရမည့် နေရာများ၊ မူးယစ်သောက်စားမောင်းနှင်ခြင်းနှင့် မဆင်မခြင် မောင်းနှင်ခြင်းမပြုရန် ကိစ္စရပ်များ၊ အန္တရာယ်သတိပေးခြင်း၊ တားမြစ်ခြင်း၊ ကန့်သတ်ခြင်း၊အမိန့်ပေး ညွှန်ပြခြင်း လမ်းပေါ်လမ်းညွှန် အမှတ်အသားများ၊ ဆေးရေး အမှတ်အသားများနှင့် အခြားယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအားရှင်းလင်းဟောပြော ပို့ချခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(သတင်းစဉ်)

မြန်မာ့အလင်း မှုခင်းသတင်းများ

ဆင်ဆာမဲ့ ဗွီစီဒီအခွေများအား ကူးသူ၊ ဖြန့်ချိသူများအား အမှုဖွင့်အရေးယူ

ရန်ကုန် မတ် ၈

ကြည့်မြင်တိုင်မြို့နယ် ဈေးကြီး အနောက်ရပ်ကွက် ရတနာလမ်း အမှတ် ၈နေ မမိမိထွေး (၂၅နှစ်) (ဘ) ဦးသိန်းစိန်၏နေအိမ်အား မတ်၄ရက် ည ၈နာရီခွဲခန့်က ကြည့်မြင်တိုင်ရဲစခန်းမှ တာဝန်ရှိသူများက သတင်းအရ ဝင်ရောက် ရှာဖွေစစ်ဆေးခဲ့ရာ နေအိမ်အိပ်ခန်းအတွင်း၌ Datek အမျိုးအစား CD Writer ရှစ်ခု တပ်ဆင်ထားသည့် CD ကူးစက်တစ်လုံးနှင့်အတူ ဆင်ဆာမဲ့ အခွေများကူးယူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ခိုးကူးသီချင်းခွေများနှင့် အငြိမ့်ခွေများ အပါအဝင် ခိုးကူးဗွီစီဒီ အခွေချပ်၃၇၀အား ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မမိမိထွေးအား ကြည့်မြင်တိုင်ရဲစခန်းမှ (ပ)သတင်းချက်အမှတ် ၃၂၁/၂၀၀၈၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပုဒ်မ ၃၂(က)/၃၂(ခ)အရ အမှုဖွင့်အရေးယူထားသည်။

(သတင်းစဉ်)

ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အောင်ဆုပန်ရပ်ကွက် ရုံးရှေ့ ငမိုးရိပ်ချောင်းဖြတ် သုဝဏ္ဏ၊ သာကေတချောင်းကူးတံတားပေါ် သုဝဏ္ဏဘက်ခြမ်း တံတားထိပ်၌ ဖေဖော်ဝါရီ၂၃ရက် ညနေ ၄နာရီ မိနစ်၂၀ခန့်က သန်လျင်ဘက်မှမောင်းနှင်လာသော ယာဉ်မောင်းဦးညီညီထွန်း ၅ခ/၁၃၇၆(၁၇၃) ပါရမီ အဲယားကွန်းဘတ်စ် ခရီးသည်တင်ကားနှင့် (၈၈) ရပ်ကွက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေ ယာဉ်မောင်း ဦးဝင်းမြင့်အောင် (၃၁နှစ်)(ဘ) ဦးထွန်းသိန်း ခရီးသည်တင်၍ မောင်းနှင်လာသော ၈က/၂၆၇၇ ကန္တာရဝတီ(၁၄၆) ဒိုင်နာကားနှင့် မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးဝင်းမြင့်အောင် မောင်းနှင်လာသော (၁၄၆) ဒိုင်နာကားသည် တာမွေအသောကဂိတ်မှ ဒဂုံဆိပ်ကမ်းမြို့နယ်သို့ မောင်းနှင်လာစဉ် သုဝဏ္ဏငမိုးရိပ်ချောင်းကူးတံတားထိပ် အောင်ဆုပန်ရပ်ကွက် ရုံးရှေ့အရောက်တွင် သန်လျင်ဘက်မှ ယာဉ်မောင်း ဦးညီညီထွန်း မောင်း လာသော အမှတ် (၁၇၃) ပါရမီ အဲယားကွန်းဘတ်စ်ကားသည် ရှေ့မှကားတစ်စီးကို ကျော်တက်စဉ် မျက်နှာချင်းဆိုင် တိုက်မိကြခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည်တချို့မှာ ဒဏ်ရာရရှိခဲ့သဖြင့် တာဝန်ရှိသူများက သဃ်န်းကျွန်း စံပြဆေးရုံသို့ တင်ပို့ပေးလိုက်ကြသည်။ အဆိုပါယာဉ်တိုက်မှုအား ယာဉ်မှုစစ်မှ စစ်ဆေးအရေးယူထားသည်။

(၁၂၁)

ရေခပ်ရာမှ စကားများရန်ဖြစ် ဓားဖြင့်ထိုး၍ သေဆုံး

မိတ္ထီလာ မတ် ၈

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပင်းတလဲရဲစခန်းအပိုင်တွင် ရေခပ်ရာမှ စကားများရန်ဖြစ်၍ ဓားဖြင့်ထိုးရာမှ သေဆုံးသွားသည့် လူသတ်မှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပင်းတလဲ ရဲစခန်းမြောက်ဘက် ခုနစ်မိုင်အကွာ ညောင်တိုအုပ်စု မရမ်းကျေးရွာတွင် ဖေဖော်ဝါရီ ၂၉ ရက် မွန်းလွဲ ၂နာရီက အများသုံးစက်ရေတွင်းတွင် ရေခပ်ရာမှ မရမ်းကျေးရွာသားများ ဖြစ်ကြသော ဦးလှရွှေ (၄၅နှစ်)နှင့် မျိုးအောင် အသက်(၂၀)တို့ စကားများ ရန်ဖြစ်ခဲ့ကြသည်။

ဤကဲ့သို့ စက်ရေတွင်းတွင် စကားများရန်ဖြစ်နေစဉ် မျိုးအောင်သည် အိမ်သို့ အရိုးအသွားအရှည် ၂၈ လက်မ၊ ဖြက်တစ်လက်မခွဲရှိ ဓားရှည် ပြန်ယူပြီး စက်ရေတွင်းရှိ ဦးလှရွှေအား ဓားဖြင့်ထိုးရာ ဦးလှရွှေ ဝဲဘက်ဗိုက်အတွင်း လေးလက်မခန့်ဝင်၍ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။ အချင်းဖြစ်ပွားရာနေရာသို့ ပင်းတလဲစခန်းမှူး ဒုရဲအုပ်အောင်နိုင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးပြီး မြေပုံကြမ်းရေးဆွဲခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်း၊ တရားခံဖမ်းဆီးခြင်း၊ သက်သေခံဓားအား သက်သေများရှေ့မှောက်တွင် စနစ်တကျရှာဖွေပုံစံဖြင့် သိမ်းဆည်းခြင်း၊ ဦးလှရွှေအား ဆေးစာဖြင့် ဆေးရုံပို့ခြင်းများပြုလုပ်ပေးသည်။ ဦးလှရွှေ၏သမီး မယဉ်နွယ်အေး အသက်(၂၀)က တရားလိုပြုလုပ်၍ ၎င်း၏ဖခင်အား ဓားဖြင့်ထိုးသူ မျိုးအောင်အား အရေးယူပေးရန် ပင်းတလဲ ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက မျိုးအောင်အား ရဲစခန်း (ပ)၆/၂၀၀၈ ပုဒ်မ ၃၀၂ဖြင့် ဖမ်းဆီးအရေးယူထားသည်။

(၀၈၆)

ငွေနှိုက်ယူသူ အမျိုးသမီးအား ဖမ်းဆီးအရေးယူ

ရန်ကုန် မတ် ၈

မတ် ၅ရက် နံနက် ၁၀နာရီခွဲက ဒလမြို့နယ် ဗညားဒလရပ်ကွက်နေ ဒေါ်လှလှငွေးသည် နေအိမ်ပြန်ရန် လှိုင်မြို့နယ် သံလမ်းမှတ်တိုင်မှ ၄၈လိုင်း ဟိုင်းလပ်ယာဉ်အား စီးလာစဉ် ၎င်းပေါင်ပေါ်တွင်တင်ထားသော စလင်းဘတ် အိတ်ထဲမှ ငွေများကို ဘေးချင်းကပ်ထိုင်စီးနေသော အမျိုးသမီးမှ နှိုက်ယူနေသည်ကိုတွေ့ရ၍ စလင်းဘတ်အိတ်အား စစ်ဆေးရာ ငွေကျပ် ၅၀၀၀၀ပျောက်ဆုံးနေသဖြင့် ယာဉ်အား စမ်းချောင်းရဲစခန်းသို့ မောင်းနှင်ရန် ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်တွင် ဒေါ်လှလှငွေးနှင့် ဘေးချင်းကပ်ထိုင်စီးလာသူ သီတဂူပတ်လမ်း ၅/၈ရပ်ကွက် ရွှေပြည်သာမြို့နယ်နေ မနုနုထွေး (ခ)မသီတာကျော်ထံမှ ပျောက်ဆုံးသွားသောငွေကျပ် ၅၀၀၀၀ အား ပြန်လည်တွေ့ရှိသဖြင့် ငွေနှိုက်ယူသူ တရားခံ မနုနုထွေး (ခ)မသီတာကျော်အား စမ်းချောင်းရဲစခန်းမှ (ပ)၈၈/၀၈၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ (နှိုက်)ဖြင့် အမှုဖွင့်ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကင်းမြို့နယ် အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို မတ် ၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုနုရီက စတုတ္ထတန်းကျောင်းသား မောင်ကောင်းမြတ်သူအား သင်ယူပြီးမြောက်ခြင်း လက်မှတ် ချီးမြှင့်စဉ်။

(၁၇၀)

မဆင်မခြင်ယာဉ်မောင်းအား အရေးယူ

ရန်ကုန် မတ် ၈

မတ် ၅ရက် နံနက် ၄နာရီခန့်က သန်လျင်မြို့နယ် သန်လျင်-ရန်ကုန် ကားလမ်းအတိုင်း မြောက်မှတောင်သို့ ယုဇနလမ်း အမှုထမ်းရပ်ကွက် သန်လျင်နေသူ စိန်သန်းအောင် မောင်းနှင်လာသည့် ၄က/၅၄၀၂ယာဉ်သည် မြဝတီဘုန်းကြီးကျောင်းရှေ့အနီးရှိ လမ်းလယ်ပန်းခုံများအား ဝင်ရောက်တိုက်မိ၍ ပန်းခုံ လေးခု ပျက်စီးသွားကာ ၎င်း၏ယာလက်မောင်း ပွန်းပဲ့ဒဏ်ရာရရှိခဲ့သဖြင့် သန်လျင်ဆေးရုံတွင် ပြင်ပလူနာအဖြစ် ကုသနေရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း စိန်သန်းအောင်အား သန်လျင်ရဲစခန်းမှ (ပ)၂၀၉/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇ဖြင့် အမှုဖွင့် အရေးယူစစ်ဆေးလျက်ရှိသည်။

(သတင်းစဉ်)

မိုးညိုမြို့နယ်၌ လှေတိမ်းမှောက်

ရန်ကုန် မတ် ၈

မိုးညိုမြို့နယ် ကြို့ပင်သာကျေးရွာအုပ်စု၊ ဖြူကြီးကျေးရွာနေသူများဖြစ်ကြသည့် မဥမ္မာချို (၂၉နှစ်) (ဘ)ဦးစိုးတင့်၊ သမီးဖြစ်သူ မဖူးဝေစိုး(၂နှစ်) (ဘ) ဦးသန်းဝင်း၊ မစန္ဒာအေး(၂၄နှစ်) (ဘ) ဦးဖိုးလုံး၊ မအေးမာ (၁၄နှစ်) (ဘ) ဦးအေးထွန်း၊ မဖြူဖြူစိန် (၁၄နှစ်) (ဘ) ဦးဘိုစော၊ မအေးမြတ်သူဇာ (၂၇နှစ်) (ဘ)ဦးအေးနိုင်၊ မမြတ်စု(၂၈နှစ်) (ဘ)ဦးတင်ဝင်းတို့ခုနစ်ဦးသည် မတ် ၄ရက် ၅နာရီခန့်က အလျား ၁၁တောင်၊ အနံနှစ်တောင်ခန့်ရှိ စက်လှေဖြင့် ထိန်တော ကျေးရွာမြစ်ဆိပ်မှ မြစ်မခမြစ်ကိုဖြတ်၍ တစ်ဖက်ကမ်းရှိ ထိန်ကုန်းကျေးရွာ ဆိပ်ကမ်းသို့ဖြတ်ကူးစဉ် လှေတိမ်းမှောက်ပြီး လှေဖြင့်လိုက်ပါလာသူ မမြတ်စု တစ်ဦးမှလွဲ၍ ကျန်ခြောက်ဦးရေနစ်သေဆုံးခဲ့သည်။ ယင်း ဖြစ်စဉ်နှင့်ပတ်သက်၍ မိုးညိုမြို့ ထိန်တောရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အရေးယူ ဆောင်ရွက်လျက် ရှိသည်။

(သတင်းစဉ်)

NAING Group Construction Co., Ltd.
We Always Make The Best Quality!
Customer
10% DISCOUNT
APARTMENT
CONDOMINIUM Pile Foundation / 24 Hours Elevator / Wind Load & Earthquake Load System
Customer
10%Discount
Penthouse

MYANMAR POWER
CNG CONVERSION SALES & SERVICE CENTER
1,000,000 Ks/-

မတ်၃ရက်က (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေါပုံမြို့နယ် ဝါဆိုရပ်ကွက် မဏ္ဍိုင်လမ်း ကျောက်ချောကတ္တရာလမ်းသစ်ဖွင့်ပွဲကို အဆိုပါလမ်း မုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကျိုက်ကော်ဈေး ကိုယ့်အားကိုယ်ကိုး ခြံစည်းရိုးကာရံ

ရန်ကုန် မတ် ၈

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျိုက်ကော်ဈေး ချောင်းကမ်းနားဘေးခြံစည်းရိုး အရှည် ပေ၆၀၀အား ကိုယ့်အားကိုယ်ကိုး ခြံစည်းရိုး ဆောင်ရွက်ခြင်းလုပ်ငန်းကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၈ရက်က ဒေါ်ယုယုဇော် ဒုတိယဦးစီးမှူး (ဈေး) နှင့် ကျိုက်ကော်ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးကြည်လင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

(က-ပ)

ဖေဖော်ဝါရီ၂၃ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇နှင့် ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ် ဘက်စုံထူးချွန်ဆုပေးပွဲအခမ်းအနားတွင် ပထမတန်းမှ သချာ်ထူးချွန်ဆုရ မမိုးသဒ္ဒါမင်းဦးအား ကျောင်းအုပ်ဆရာကြီးဦးစန်းအောင်က ဆုပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

သဃ်န်းကျွန်း သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် တရားစခန်း

ရန်ကုန် မတ် ၈

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် ဝေဇယန္တာဥယျာဉ် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာစည်ဝိပဿနာတရားစခန်းကို ဒွါဒသမအကြိမ်မြောက်အဖြစ် ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၅ရက် (မေ ၁၀ရက်) ကြာသပတေးနေ့မှ ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့် (မေ ၂၀ရက်) တနင်္ဂနွေနေ့အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်ရောက်ရှုမှတ်လိုသူများသည် ပဓာနနာယကဆရာတော် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် ပစ္စယာနုဂ္ဂဟအဖွဲ့သို့ ဆက်သွယ်၍ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အလှူငွေများကို ပဓာနနာယကဆရာတော် သဒ္ဓမ္မမဏ္ဍိုင်ကျောင်းတိုက် ဖုန်း-၅၇၁၁၃၄၊ ဖုန်း-၀၉-၅၁-၃၅၄၇၀၊ ဗိုလ်မှူးကြီးတင်လှိုင်(လေ) (ငြိမ်း) အငြိမ်းစားသံအမတ်ကြီး သီရိလမ်း ပါရမီရိပ်သာ ရန်ကင်း ဖုန်း-၆၆၂၆၆၉ နှင့် ဦးစိန်မင်း(ကျောက်ဆူးဒန်အိုးစက်) မဟာဗန္ဓုလလမ်းနှင့် ၅၃လမ်းထိပ် ဖုန်း-၂၉၂၁၁၄ နှင့် ၀၉-၅၀-၀၉၇၂၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၁၇၁)

ဖေဖော်ဝါရီ ၂၄ရက်က အမက(၁၀) ကမာရွတ် ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၀၆-၂၀၀၇ ကျောင်းတက်မှန်ဆု၊ မီတာ ၁၀၀ အလွတ်ပြေးပထမဆုရရှိသော ဆရာမဒေါ်သန်းသန်းဌေးအား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က ဆုချီးမြှင့်စဉ်။ (က-ပ)

တာမွေမြို့နယ် ဗျိုင်းရေအိုးစင်(ရှာမ)ရပ်ကွက်၌ ၂၀၀၈ခုနှစ် မတ် ၇ရက်တွင် ရပ်ကွက်မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးစီမံချက်အတွက် မြေတွင်းရှိ မီးသတ်ပိုက်ခေါင်းများ ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဆွေ၊ တာမွေမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ရဲသူရိန်သိန်းမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်စဉ်။ (က-ပ)

ရန်ကင်းပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် တာမွေလေးရပ်ကွက် သာယာရွှေပြည်လမ်းနေ ကိုသိန်းနိုင်-မထွေးထွေးစိန် မိသားစုက ကိုသိန်းနိုင်မွေးနေ့ ကောင်းမှုအဖြစ် ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆရာတော်(သီတဂူကြာတစ်ပွင့်) အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။(၁၁၇)

သထုံ၌ ရှမ်းစုအလယ်တန်းကတ္တရာလမ်းဖွင့်လှစ်

သထုံ မတ် ၅

(၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် ရှမ်းစုအလယ်တန်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၉ရက်က အဆိုပါ လမ်းထိပ်မှန်ဦး၌ ကျင်းပသည်။

ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးတင်ကိုက လမ်းနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။ထို့နောက် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးတင်အောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး**(အောက်ပုံ)** မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက စက်ခလုတ် နှိပ်ဖွင့်လှစ်ပေးလိုက်သည်။

ဆောင်ရွက်ခဲ့

အဆိုပါလမ်းမှာ အလျား ၁၈၇၄ ပေ၊ အနံ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စုစုပေါင်း ကုန်ကျငွေကျပ်တစ်ရာလေးဆယ့် ရှစ်သိန်းခြောက်သောင်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ကျောက်ပန်းတောင်း၌ စာကြည့်တိုက်အဆောက်အအုံဖွင့်

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၁

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စည်းရုံးဆောင်ရွက်မှုဖြင့် ခိုင်မာသော ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်တည်ထောင်လျက်ရှိရာ ဖေဖော်ဝါရီ ၁၁ရက် နံနက် ၁၀နာရီက လက်ပံပျားကျေးရွာအုပ်စု လုံးကျွတ်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲကို လက်ပံပျားကျေးရွာ ပညာဘဏ်စာကြည့်တိုက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ လက်ပံပျားကျေးရွာ ပညာဘဏ်စာကြည့်တိုက်ကို မြို့နယ်ဦးစီးမှူး ဒေါ်ခင်အုန်းမြင့်၊ ကျေးရွာ ဥက္ကဋ္ဌနှင့် စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးလိုက်သည်။**(ယာပုံ)**

ထို့နောက်စာကြည့်တိုက်အတွက် အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းကြရာတွင်ဦးတင်လင်း-ဒေါ်မော်မော်ဝင်းမိသားစုက ငွေကျပ်သုံးသောင်းနှင့် ဦးထွန်းလှိုင်-ဒေါ်ရီရီ မိသားစု၊ ဦးထွန်းမြိုင်-ဒေါ်စိန်တင်မိသားစုနှင့် ဦးဂျိုးဂျိုး-ဒေါ်နော်မီငွေးမိသားစုတို့က ငွေကျပ်တစ်သောင်းခုနစ်ထောင်တန်ဖိုး

ရှိ ပရိဘောဂပစ္စည်းများ ပေးအပ်လှူဒါန်းကြရာ ကျေးရွာ ဥက္ကဋ္ဌက လက်ခံယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်ရေး လားရှိုး၌ ဆောင်ရွက်

လားရှိုး ဖေဖော်ဝါရီ ၂၈

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့မဈေးကြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဦးနှင့်အဖွဲ့၊ ပြည်နယ်မီးသတ် ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ဦးနှင့် အဖွဲ့တို့ပူးပေါင်း၍ ဈေးအတွင်းရှိ မီးသတ်ရေကန်များ၊ ရေငုတ်များ၊ မီးသတ်ပစ္စည်းကိရိယာနှင့် မီးသတ် ဆေးဘူးများ၊ ဈေးဆိုင်ခန်းသုံးနှင့် လုံခြုံရေးသုံး လျှပ်စစ်မီးလိုင်းများ၊ မီးသုံးစွဲဈေးဆိုင်များ စနစ်တကျ မီးသုံးစွဲမှု ရှိ မရှိကို လိုက်လံစစ်ဆေးကြသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်ခြင်း အသိပညာပေးဟောပြောပွဲများလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်း ကျောင်းတွင် မိဘဆရာအသင်း၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၇ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက သူငယ်တန်းမှ စတုတ္ထတန်း အထိ ငါးနှစ် ဆက်တိုက် ပထမဆုရ မစွမ်းရည်ထက်အား ဆုချီးမြှင့်စဉ်။ (က-ပ)

မြင်းခြံ၌ အဆင့်မြင့်ကျေးလက်အိမ်ရာများ ဆောက်လုပ်

မြင်းခြံ ဖေဖော်ဝါရီ ၁၅

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်နေပြည်သူများ လူနေမှုအဆင့်မြင့်မားရန်အတွက် ကျေးလက်အိမ်ရာများ ဆောက်လုပ်ပေးလျက်ရှိရာ ဇန်နဝါရီ၁၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်သည် ဆောက်လုပ်လျက်ရှိသော အဆင့်မြင့်အိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးစဉ် အင်ဂျင်နီယာမှူး ဦးကျော်သူအောင်က လိုက်လံရှင်းလင်းပြသခဲ့သည်။ အဆိုပါ အဆင့်မြင့် ကျေးလက်အိမ်ရာများအတွက် သစ်ခွဲသားနှင့်သွပ်များကို မြို့နယ်စည်ပင်မှ ပံ့ပိုးပေးပြီး အဖွဲ့အင်ဂျင်နီယာများမှ ကြီးကြပ်ဆောက်လုပ်ပေးလျက်ရှိသည်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာသုံးရွာ၌ အဆင့်မြင့် ကျေးလက်အိမ်ရာ၁၂လုံး ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်ဆည်မြို့နယ်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ကျောက်ဆည် ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် သပြေဝန်း(ခတ်တော်) ကျေးရွာကိုယ့်အားကိုယ်ကိုး မျိုးဆက်သစ်စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ရက် နံနက်၉နာရီက အဆိုပါ စာကြည့်တိုက်တွင် ကျင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးညွန့်ရွှေ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညွန့်ဝင်းတို့က မျိုးဆက်သစ်စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အလှူရှင်သပြေဝန်းကျေးရွာမှ ဦးကျော်နိုင်တို့က ငွေကျပ် ၇၀၀၀၀တန်ဖိုးရှိ သုတ၊ရသစာအုပ်များကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌဦးညွန့်ဝင်းက ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၀၀၀၀၀တန်ဖိုးရှိ ရေဒီယိုတစ်လုံးကိုလည်းကောင်း ငွေပဒေသာပင်စိုက်ထူပေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၃ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော သဲကျဲကြီးတံတား ပိုင်ရိုက်တည်ဆောက်မှုကို အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့်အဖွဲ့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာနနှင့် Renewable Energy- Sub- Sector Network (RE-SSN)- Energy Efficiency & Conservation- Sub- Sector Network (EE&C-SSN)တို့က ကြီးမှူး၍ ဆုချီးမြှင့်မည့်

ASEAN Energy Awards 2008 ပြိုင်ပွဲ

အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာနနှင့် **RE-SSN၊ EE & C-SSN** တို့က ကြီးမှူး၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဆောင်ရွက်နေသော ပြန်ပြည့်မြဲစွမ်းအင် စီမံကိန်းများ၊ စွမ်းအင်ထိရောက်စွာ အသုံးပြုထားသော အဆောက်အအုံများ၊ စွမ်းအင်စီမံခန့်ခွဲမှု စနစ်အကောင်းဆုံး ဆောင်ရွက်ကျင့်သုံးနေသော အဆောက်အအုံနှင့် စက်ရုံပြိုင်ပွဲများကို ကျင်းပမည် ဖြစ်ပါသည်။

- အဆိုပါ ပြိုင်ပွဲများသို့ နိုင်ငံပိုင်ကဏ္ဍသာမက ပုဂ္ဂလိက ကဏ္ဍများရှိ ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ၊ အဆောက်အအုံနှင့် စက်ရုံများ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။
- သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမှ လျော့နည်းသက်သာစေနိုင်ခြင်း၊ အများပြည်သူစိတ်ဝင်စားမှုရှိခြင်း၊ သင့်တင့်သောစက်စွမ်းအား၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှုရှိခြင်း၊ ပြုပြင်ထိန်းသိမ်းရလွယ်ကူခြင်းနှင့် ရေရှည်အသုံးပြုနိုင်ခြင်း၊ စွမ်းအင်သက်သာစေရန် ဆန်းသစ်တီထွင်အသုံးပြုထားခြင်း၊ အလွယ်တကူ အသုံးပြုနိုင်ခြင်းတို့နှင့်ပြည့်စုံသော စီမံကိန်း၊ စက်ရုံနှင့် အဆောက်အအုံများကို ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။
- ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများသည် အနည်းဆုံး တစ်နှစ်နှင့် စွမ်းအင်စီမံခန့်ခွဲမှုစနစ်ပြိုင်ပွဲအတွက် အဆောက်အအုံနှင့် စက်ရုံများသည် အနည်းဆုံး နှစ်နှစ်သက်တမ်း ရှိရပါမည်။
- ပြိုင်ပွဲဝင်အဆိုပြုပုံစံများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း လှိုင်တက္ကသိုလ်ဝင်း၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၉၅-၀၁-၅၁၉၆၇၃-၇၆/၅၇၉၀၃၈တွင် ထုတ်ယူနိုင်ကြပြီး ပြည့်စုံစွာ ပြုစုထားသော အဆိုပြုလွှာများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ ၂၀၀၈ခုနှစ် မတ် ၂၁ရက်တွင် နောက်ဆုံးထား၍ ပေးပို့ရန် ဖြစ်ပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့်စက်ရုံ ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့်စက်ရုံအတွက် လိုအပ်သော ပီလောပီနံ ကော်မှုန့်ကြမ်းများ ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

တင်ဒါပိတ်ရက် - ၁၄-၃-၂၀၀၈ ရက် (၁၆:၀၀)နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒိုက်ဦးကော်မှုန့်စက်ရုံ (စီမံရေးဌာန)
ဖုန်း-၀၅၂-၂၁၂၈၉။

အမည်ပြောင်း

အဖ ဦးမြင့်ဇော်၏သမီး မင်းဘူးမြို့ အထက(၂) ပဥ္စမတန်း(က)မှ မထက်မြတ်နိုးအား ယနေ့မှစ၍ မနှင်းယုလွင်ဟု ပြောင်းလဲခေါ်ပါရန်။

မနှင်းယုလွင်။



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၅၅၃၀၇ Honda C 90 Custom M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၁၈၇၃၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၉၀၃၃၀ Honda Astrea ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာထွန်း မှတ်ပုံတင်အမှတ် ၉/မနမ(နိုင်)၀၀၁၆၃၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

အမည်ပြောင်း

ဦးကြည်ရုံး၏သမီး ပခုက္ကူမြို့ အထက(၁)အဌမတန်း(G) မှ မအိအိအောင်အား မအေးမြတ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

မအေးမြတ်မွန်။

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက် ဇိနမာရ်အောင် စေတီအနီး မိုးကုတ် ဝိပဿနာ သုညတမွေ ကျောင်းတိုက်အတွင်း မဂ္ဂမွေ လေးထပ် ကျောင်းဆောင်အတွက်မတည် အလှူရှင် ဖခင်ကြီး ဦးစံအား ရည်စူး၍ ဒေါ်သန်းစိန်နှင့် သားသမီး၊ မြေးတစ်စု ဦးစံ ထမင်းဆိုင် ၃၃၊ ၁၅ လမ်း ညောင်ပင်လေးဈေး ပလာဇာက အလှူငွေကျပ်၁၀သိန်းကို သုညတမွေ ဆရာတော် ဦးစန္ဒသေနထံ လှူဒါန်းစဉ်။

(က-ပ)

ဖေဖော်ဝါရီ ၁၂ ရက်က ရွှေဘိုမြို့ အမှတ်(၈) ရပ်ကွက် ပင်မရေဆိုးထုတ်မြောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ (ဒုတိယ ညွှန်ကြားရေးမှူး) ဦးနီထွန်း နှင့် တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(က-ပ)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၀-၃-၂၀၀၈ (တနင်္လာနေ့)

- ❑ ဥမ္မာဒန္တီပျို့မိတ်ဆက်
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Digestive System of Ranatigrina
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁၁-၃-၂၀၀၈ (အင်္ဂါနေ့)

- ❑ Migration of Fishes
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Aquatic Biomes
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁၂-၃-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

- ❑ Homeostasis
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Malarial Parasites of Man
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁၃-၃-၂၀၀၈ (ကြာသပတေးနေ့)

- ❑ Ascariasis caused by Ascaris Lumbricoides
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Linear Transformation
  - ဒုတိယနှစ် သင်္ချာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၄-၃-၂၀၀၈ (သောကြာနေ့)

- ❑ Small Signal Bipolar Amplifiers
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Shell Model
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁၅-၃-၂၀၀၈ (စနေနေ့)

- ❑ Historical Background of Myanmar Economy
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Myanmar Economic Reforms (1989-1996)
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Economic Resource Development in Myanmar
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Banking
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Statistical Analysis for Public Policy I & II
  - ပထမနှစ် ပြည်သူ့ရေးရာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Tenses
  - ပထမနှစ် အထူးပြုအားလုံး
- ❑ The Olympic Games
  - ပထမနှစ် အထူးပြုအားလုံး
- ❑ Science and Scientists
  - ပထမနှစ် အထူးပြုအားလုံး
- ❑ The Force of Gravity
  - ပထမနှစ် အထူးပြုအားလုံး
- ❑ Coconut
  - ပထမနှစ် အထူးပြုအားလုံး
- ❑ Machines (Poetry)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ English Literature I (Prose)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား ကျောင်းသူများ

၁၆-၃-၂၀၀၈ (တနင်္ဂနွေနေ့)

- ❑ Conservation of the Biomes
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Obelia Comparison of Polyp and Medusa
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ History of Biology
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Palaemon
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Mystus Seenghala
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Dugesia (Euplanaria)
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Ranatigrina
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Biosphere
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ECOLOGY
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ General Account of Hydra
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Reproduction and Life Cycle
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Types of Reproduction Found in Paramecium
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

ပြည်သူ့ သဘောထား

★ တည်ငြိမ်မှုကို လိုလားသည်

★ အေးချမ်းမှုကို လိုလားသည်

★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်

တိုင်းရင်းသားအဖွဲ့အစည်း၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်တွေ့ဆုံ

ရန်ကုန် မတ် ၈

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီသည် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးအောင်ခမ်းထီ ခေါင်းဆောင်သောအဖွဲ့နှင့် ယနေ့နံနက် ၁၀နာရီတွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးအောင်ရွှေ ခေါင်းဆောင်သောအဖွဲ့နှင့် နံနက် ၁၀နာရီ ၄၅မိနစ်တွင်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးခင်မောင်ကြီး ခေါင်းဆောင်သောအဖွဲ့နှင့် နံနက် ၁၁နာရီခွဲတွင်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း၊ ဇဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းတို့နှင့် မွန်းလွဲ၂နာရီခွဲတွင်လည်းကောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ညနေ ၄နာရီ ၁၅မိနစ်တွင်လည်းကောင်း ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံသည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့်က မစ္စတာဂမ်ဘာရီအား မြရိပ်ညိုရွှိုင်ရယ်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စုပေါင်းကာကွယ် မီးဘေးအန္တရာယ်

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

နိုင်ငံရေးသမား၊ ပြည်သူ့တာဝန်နှင့် အနာဂတ်အရေး

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဒီမိုကရေစီစနစ်ဖြစ်ပေါ်ဖို့ အခြေခံအကျဆုံးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံရေးပါတီတွေ ထူထောင်ရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီများ စည်းကမ်းကျနစွာ ထူထောင်ပြီးပါမှရွေးကောက်ပွဲဖြစ်လာနိုင်ပါတယ်။ ရွေးကောက်ပွဲမှတစ်ဆင့် အရပ်သားအစိုးရ ပေါ်လာမှာဖြစ်ပါတယ်။

ကိုဖြောင့်၏ ဆောင်းပါး (စာ-၁၀) တွင် ဖတ်ရှုနိုင်ပါသည်။